# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့။ Monday, 15 August 2022 ၁၀၈၂၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ကျောက်ဆည်မြို့၌ မိုးစပါးစိုက်ဧက ၅၂၈၁၇ ဧက စိုက်ပျိုးရန်လျာထား၊ ၁၉၁၈၁ ဧကစိုက်ပျိုးပြီး

ကျောက်ဆည် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တိုက်နယ် ၁၂ ခု၊ ကွင်းပေါင်း ၂၁၇ ကွင်းတွင် ဆန်စပါးဖူလုံပို လျှံရေးအတွက် ရောမင်း၊ မနောသုခ၊ ရွှေမနော်၊ ဆင်းသုခ မိုးစပါး ၅၂၈၁၇ ဧက စိုက်ပျိုးရန်လျာထား၍ ၁၉၁၈၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

**ယနေ့ ဖတ်စရာ**

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ - ၅



**တဲကြီးကုန်း၊ မဲဒီး၊ ဘစ်အမ်မှသည် ဖောင်းလောင်ဆီသို့**

စာမျက်နှာ - ၆



**ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျန်ရှိခဲ့သည့် အမှိုက်များနှင့် နုန်းများ ဖယ်ရှားရှင်းလင်း**

စာမျက်နှာ - ၉



**မွန်ပြည်နယ်အတွင်း နေ့ချင်းပြန် ဆက်သွယ်သွားလာနိုင်သည်အထိ လမ်းကွန်ရက်လွှမ်းခြုံနိုင်ခဲ့ပြီ**


ဆောင်းပါး စာမျက်နှာ - ၁၀

## ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေပြီး တဖြည်းဖြည်း အားလျော့သွားနိုင်

နေပြည်တော် ဩဂုတ် ၁၄

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေနှင့် ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့ကို ဒီဂါမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/၉လ



ကြေးမုံ

# လူသားကောင်းကျိုး ဂေဟစနစ်ထိန်းသိမ်း

ကမ္ဘာကြီးပေါ်၌ ဒေသအလိုက်ဖြစ်တည်နေသော ရာသီဥတုမှာ ပုံမှန်မဟုတ်တော့ဘဲ ပြောင်းလဲနေသည်ကို တွေ့ရမည်ဖြစ်သည်။ အအေးပိုင်းဒေသတွင် အပူလွန်ကဲပြီး အပူပိုင်းဒေသတွင် အအေးပိုနေသည်။ မိုးရာသီကာလတွင် ပုံမှန်မဟုတ်သည့် မိုးသည်းထန်မှုများနှင့် မိုးခေါင်နေသည့်ဒေသများကို ကြုံတွေ့နေပြီး ရာသီဥတု ပြောင်းလဲမှုကြောင့် နောက်ဆက်တွဲသဘာဝဘေးအန္တရာယ်များကို ပြည်သူများ ခံစားနေကြရသည်။

လက်ရှိကာလတွင် အအေးပိုင်းဒေသ တရုတ်နိုင်ငံအနှံ့အပြားတွင် ပြင်းထန်သော အပူလှိုင်းဖြတ်မှုနှင့် ကြုံတွေ့နေရသဖြင့် အမြင့်ဆုံးအပူချိန်သတိပေးချက် အနီရောင်အဆင့်ကို ပြည်သူများအား အသိပေးနေရသည်။ အအေးပိုင်းဒေသ ပြင်သစ်နိုင်ငံ၌ ဇူလိုင်လကုန်မှစ၍ အပူလှိုင်းဖြတ်လျက်ရှိရာ အပူလှိုင်းမှာ ရက်ရှည်ကြာပြီး ရေခဲဒေသအတ္တလန္တိတ်ကမ်းရိုးတန်းအထိ ပျံ့နှံ့လျက်ရှိသည်။ အအေးပိုင်းဒေသများ အပူလှိုင်းဖြတ်မှု၊ အပူပိုင်းဒေသများ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ကမ္ဘာ့ရေမျက်နှာပြင်မြင့်တက်မှု၊ တောင်ကျရေများ များပြားလာမှုများနှင့် ကြုံတွေ့လာမည်ဖြစ်သည်။

လတ်တလော၌ မြန်မာနိုင်ငံတွင် တောင်ပေါ်ဒေသ ပြင်ဦးလွင်၌ ရေကြီးရေလျှံဖြစ်ပွားခဲ့ပြီး ယခုအခါ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ဒေသအချို့၌ ရေကြီးရေလျှံဖြစ်ပွားနေသည်ကို တွေ့ရမည်ဖြစ်သည်။ ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်မြို့နယ်အတွင်းရှိ ဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေများမြင့်တက်လာမှုကြောင့် ရပ်ကွက်/ကျေးရွာအချို့ ရေနစ်မြုပ်သဖြင့် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် မြစ်ကြီးလေးသွယ်အပါအဝင် မြစ်ချောင်း၊ မြစ်လက်တက်များ ကွန်ရက်သဖွယ် စီးဆင်းလျက်ရှိသဖြင့် ယခုရာသီဥတုအခြေအနေအရ မြစ်ရေချောင်းရေများ ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိသဖြင့် ရေဘေးအန္တရာယ်ကို သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုအကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေမြင့်မားသည့် နိုင်ငံများစာရင်းတွင် ပါဝင်နေသည်ဟုသိရသည်။ အပူချိန်မြင့်တက်မှု၊ အအေးလှိုင်းဖြတ်မှု၊ မိုးသည်းထန်မှု၊ မိုးခေါင်မှု၊ မုန်တိုင်းတိုက်ခတ်မှု၊ လျှပ်စီးမှု၊ မုတ်သုံကာလတိုတောင်းမှု စသည့်ပုံမှန်မဟုတ်သော ဖြစ်စဉ်များကြောင့် ပြည်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအား ထိခိုက်နိုင်သည်များကို သတိပြုရမည်ဖြစ်သည်။ မိုးကြိုကာလ၊ မိုးကုန်ကာလများတွင် ဆိုင်ကလုန်းမုန်တိုင်းများ ပေါ်ပေါက်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများအဖို့ မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုပြင်ဆင်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို ဝင်ရောက်တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များ အမြောက်အမြား ဆုံးရှုံးခဲ့ရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်ကြာမြင့်စွာပြုလုပ်ပေးခဲ့ရသည်။ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ပေါက်ရောက်သည့် ဒီရေတောများသည် ပင်လယ်မှလာသည့် သဘာဝဘေးအန္တရာယ်ကို အကာအကွယ်ပေးသဖြင့် ဒီရေတောများ ပြုစုပျိုးထောင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်၌ သတ္တမမြောက် ဒီရေတောဧရိယာ အများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပြီး မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်ရှိ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီရေတောများ အများဆုံးပေါက်ရောက်လျက်ရှိသည်။ ဒီရေတောများသည် သဘာဝဘေးအန္တရာယ်ကို အကောင်းဆုံးအကာအကွယ်ပေးလျက်ရှိသော သစ်ပင်များဖြစ်ပြီး ကမ်းရိုးတန်းဒေသနေပြည်သူများအတွက် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်သည့်အပြင် နိုင်ငံ၏ ငါး၊ ပုစွန်၊ ကဏန်း ရေထွက်ကုန်သယံဇာတများ တိုးပွားရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် ဂေဟစနစ်ဖြစ်သည်။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကို လျှော့ချနိုင်ရေး၊ ပြည်သူများလူမှုစီးပွားဘဝအဆင်ပြေစေရေးအတွက် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ပေါများလှသည့် မြစ်ချောင်း၊ အင်းအိုင်၊ ရေဝေရေလဲဒေသများ ပျက်စီးပြုန်းတီးသောအခါ အနယ်အနှစ်များ မြစ်ချောင်းများအတွင်း စီးဆင်းပို့ချခြင်း၊ ရေစီးကြောင့် မြေပြိုတိုက်စားခြင်း၊ ရေကြီးခြင်း၊ မြေအောက်ရေ ထိန်းသိမ်းနိုင်မှုမရှိခြင်း၊ မြစ်ချောင်းများ တိမ်ကောစေခြင်း၊ စိုက်ပျိုးမြေများ ရေတိုက်စားမှုကြောင့် ပျက်စီးခြင်းတို့အပြင် ရေသယံဇာတကို အများပြည်သူအတွက် အသုံးချနေသည့် ရေကြောင်းခရီး၊ မွေးမြူရေးနှင့် ရေမှစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများပါ ထိခိုက်မှုများရှိလာနိုင်သည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်မှသာ သဘာဝပတ်ဝန်းကျင်က လူတို့ကိုအကျိုးပြုပြီး အန္တရာယ်မဖြစ်စေနိုင်သည်ကို သိရှိလိုက်နာဆောင်ရွက်ကြရန် လိုပေသည်။ သဘာဝပတ်ဝန်းကျင်နှင့် ရေသယံဇာတများသည် လူသားအကျိုးပြုဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်၍ လူသားကောင်းကျိုးများ ဖြစ်ပေါ်လာအောင် ကြိုးပမ်းကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။




## မုဒုံမြို့၌ လူငယ်များစဉ်းစားတွေးခေါ်မှုမြင့်မားစေရန် စစ်တုရင်ပြိုင်ပွဲ ကျင်းပ



မုဒုံ ဩဂုတ် ၁၄

မွန်ပြည်နယ် မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်များ စဉ်းစားတွေးခေါ်မှုကို မြင့်မားလာစေရန်ရည်ရွယ်၍ စစ်တုရင်ကစားနည်းပြိုင်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

### တွေးခေါ်မြော်မြင်မှု စွမ်းရည်

ပြိုင်ပွဲတွင် မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက စစ်တုရင်ကစားခြင်းသည် ဦးနှောက်နှင့် ကိုယ်ပိုင်ဉာဏ်ကို မြင့်မားစေပြီး နည်းစနစ်တကျ တွေးခေါ်မြော်မြင်မှု စွမ်းရည်ကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ အားကစားဝါသနာရှင် လူငယ်လူရွယ်များအနေဖြင့် ပြိုင်ပွဲအတွေ့အကြုံကို ရရှိစေရန်အတွက် ကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများကကြီးကြပ်၍ မြို့နယ်အတွင်း စစ်တုရင်ဝါသနာရှင် အမျိုးသား အမျိုးသမီး ၁၂ ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – ဦးနိုင်လင်းကြည်၊ | **စာပြင်** | – ဒေါ်မြသီတာနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်ပမှ တင်သွင်းလျက်ရှိသည့် သံ၊ သံမဏိများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရေး ကြိုတင်စီမံတွက်ချက်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်နှင့်အတူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံတို့ကို ရှင်းလင်းတင်ပြသည်။

**အကျိုးရှိ ထိရောက်စွာသုံးစွဲ**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက Phase-1 လည်ပတ်နိုင်ရေးနှင့် ဝယ်ယူပြီး စက်ပစ္စည်းများ အမိုးအကာအောက်ရောက်ရှိရေးအတွက် ခွင့်ပြုဘဏ္ဍာငွေအသုံးစရိတ်များကို အကျိုးရှိ ထိရောက်စွာသုံးစွဲကြရန်၊ ပြန်လည်ဖြည့်ဆည်းပေးရမည့် ကျွမ်းကျင်မှုအဆင့်အလိုက် ဝန်ထမ်းလိုအပ်ချက်များကိုလည်း အချိန်မီရရှိရေး ကြိုပမ်းဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများအား စီးပွားရေးဆိုင်ရာစီမံချက်များ ရေးဆွဲဆောင်ရွက်ရန်နှင့် စီမံချက်ပါအတိုင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ ထုတ်ကုန်များနှင့် ပတ်သက်၍ ဈေးကွက်သုတေသနလုပ်ငန်းများကို အမြဲမပြတ်လေ့လာဆောင်ရွက်ထားရန်၊ မိမိထုတ်ကုန်ပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ကြရန်၊ ပြည်ပမှ တင်သွင်းလျက်ရှိသည့် သံ၊ သံမဏိများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရေး ကြိုတင်စီမံတွက်ချက်ထားရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ကုန်ကြမ်းများကိုလည်း ကြိုတင်စုဆောင်းထားရန်၊ နိုင်ငံတော်၏ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေးနှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူ အင်ဂျင်နီယာများအနေဖြင့် အင်ဂျင်နီယာစီးပွားရေးနှင့် စက်မှုလုပ်ငန်းစီးပွားရေး ဥပဒေသများအပေါ် အခြေခံသော စီးပွားရေးတွက်ခြေကိုက်စွာ ထုတ်လုပ်မှုအစီအမံများ ချမှတ်ဆောင်ရွက်ကြရန်နှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပီသစွာဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သော ဝန်ထမ်းများအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ တာဝန်ထမ်းဆောင်ကြရန် မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝယ်ယူပြီး စက်ပစ္စည်းများ အမိုးအကာအောက် သိုလှောင်ထားရှိနိုင်ရေးအတွက် တည်ဆောက်လျက်ရှိသည့် Cold Mill Complex နှင့် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းက ကျင်းပသော ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ကျင်းပသော (၇၂)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲ၊ (၃၈)ဖြာမင်္ဂလာ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းနည်းပြများအားဂုဏ်ပြုပွဲနှင့်၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်သားသမီးများ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့နံနက် ၈ နာရီက ရန်ကင်းမြို့နယ် မြဝတီစင်တာတွင် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုစကားနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)ဥက္ကဋ္ဌ(ကိုယ်စား) ဒုတိယဥက္ကဋ္ဌ မဟာမင်္ဂလဓမ္မ ဦးသောင်းဝင်းက အမှာစကားပြောကြားသည်။

**ပေးအပ်**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဗဟိုဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗုဒ္ဓဝင်စာမေးပွဲ အောင်မြင်သူများ၊ (၃၈)ဖြာမင်္ဂလာ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းနည်းပြများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဗဟို)နှင့် တိုင်းဒေသကြီးမှ အသင်းဝင်များ၏ သားသမီးများ အနက်၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းခွင်များ ကြည့်ရှုစစ်ဆေး

**ပုသိမ် ဩဂုတ် ၁၄**

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ဥမ္မာဒန္တီအိမ်ရာဝင်းရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း e-ID စနစ်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ဖြည့်သွင်းလုပ်ဆောင်နေမှုများကို ကြည့်ရှုစဉ်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးက လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းခွင်အတွင်း အန္တရာယ် ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ရေး၊ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးစေရေး၊ လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျရှိစေရေး၊ သတ်မှတ်ထားသော အရည်အသွေးများ ပြည့်မီစေရေးတို့ကို မှာကြားပြီး လုပ်ငန်းများ ဆောက်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဥမ္မာဒန္တီအိမ်ရာဝင်းရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများသို့သွားရောက်၍ တိုက်ခန်းများအတွင်း၊ အပြင်ဆေးသုတ်ပြီးမှုနှင့် အခန်းများဖွဲ့စည်းထားရှိမှုများကို စစ်ဆေးပြီး အဆောက်အအုံများ ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျကိုင်တွယ် ထိန်းသိမ်းအသုံးပြုကြရန်၊ တိုက်ခန်းများ သန့်ရှင်းသာယာစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်မြို့တွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကမ်းနားလမ်းတစ်လျှောက်နှင့် ပုသိမ်တံတားအမှတ်(၂)ပေါ်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၁၅) မြက်တိုရပ်ကွက် စုပေါင်းရုံးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ e-ID စနစ်ဖြင့်အိမ်ထောင်စု လူဦးရေစာရင်း ဖြည့်သွင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ အချက်အလက်များ မှန်ကန်စွာ ဖြည့်သွင်းရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းစေရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်မြို့နယ်လမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက် လျက်ရှိသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပုသိမ်မြို့ရှောင်လမ်း ၄ မိုင် ၇ ဖာလုံ လမ်းချဲ့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ လမ်းပခုံးများ စနစ်တကျရှိစေရေး၊ အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်ရန်မှာကြားခဲ့သည်။

**တွေ့ဆုံ**

ဆက်လက်၍ ကမ်းနားလမ်းရှိ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၌ ခရိုင် အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခဲ့ရာ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရန် ပြောကြားခဲ့ပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




**၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်**

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

## အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေး အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်

မော်လမြိုင် ဩဂုတ် ၁၄

မွန်ပြည်နယ်အတွင်းရှိ လူငယ်လူရွယ်များ ကြံ့ခိုင်စေရေး၊ အရည်အချင်းပြည့်သော အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက မော်လမြိုင်မြို့ ကျောင်းသားအားကစားကွင်း၌ ကျင်းပခဲ့သည်။

**ကျောင်းနေပျော်၍ စာတော်ရမည်**

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက နိုင်ငံတော်၏ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသည့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေး အားလုံးဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘောလုံးအားကစားနည်းသည် အများပြည်သူများ ကြိုက်နှစ်သက်သည့် အားကစားနည်းတစ်ရပ်ဖြစ်သလို ဘောလုံးအားကစားအဆင့်တန်းမြင့်မားလာစေရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအပြင် အခြေခံကျောင်းများပါမကျန် ဘောလုံးအားကစားပြိုင်ပွဲများ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကျောင်းနေပျော်၍ စာတော်ရမည်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပညာသင်ကြားရန်လိုအပ်သလို တစ်ဖက်ကလည်း အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အားကစားလှုပ်ရှားမှုများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက အထူးအလေးပေးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၃၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ဩဂုတ် ၁၃ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင် (ပြန်/ဆက်)






## တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2 ပြိုင်ပွဲအတွက် ကချင်ပြည်နယ်ကိုယ်စားပြု အဆိုရှင်များရွေးချယ်

မြစ်ကြီးနား ဩဂုတ် ၁၄

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည့် တူယှဉ်နွဲပျော် ဂီတပွဲတော် Season–2 ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကချင်ပြည်နယ်အတွင်းရှိ ဝါသနာရှင်များအတွက် သီချင်းဆိုပြိုင်ပွဲနှင့် လူရွေးချယ်ပွဲကို ယမန်နေ့ ညနေ ၄ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ပြည်နယ်ကိုယ်စားပြု**

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး တေးသီချင်းဆိုဝါသနာရှင် လူငယ်မောင်မယ်များအနေဖြင့် ပြည်နယ်ကိုယ်စားပြုရွေးချယ်သွားမည်ဖြစ်သည့်အတွက် အကောင်းဆုံးယှဉ်ပြိုင်ကြရန်နှင့် ပြည်နယ်ကိုယ်စားပြု ရွေးချယ်ခံရသူများကိုလည်း မိမိတို့အနေဖြင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ပြည်နယ်အတွင်းရှိ ပြိုင်ပွဲဝင်တေးသီချင်းဆို ဝါသနာရှင်များ၏ သီဆိုယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သီချင်းဆိုပြိုင်ပွဲအတွက် တီးခတ်ပေးသည့် ဂီတာပညာရှင်အားလည်းကောင်း၊ ကချင်ပြည်နယ် ညီညွတ်ရေးဖြန့်ဖြေရေးအဖွဲ့ဥက္ကဋ္ဌ၊ တေးရေးဆရာအဆိုတော် ဦးဖော်လားဂမ်ဖန်က ဒိုင်အဖွဲ့ဝင်များအားလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက ပြိုင်ပွဲဝင်သူများနှင့် နှစ်သိမ့်ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဒိုင်အဖွဲ့မှ အကဲဖြတ်စိစစ်ရွေးချယ်ထားသည့် တူယှဉ်နွဲပျော် ဂီတပွဲတော် Season–2 ပြိုင်ပွဲအတွက် ပြည်နယ်ကိုယ်စားပြု ရွေးချယ်ခံရသည့် ပြိုင်ပွဲဝင်သုံးဦးအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

## ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲနှင့် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

တောင်ကြီး ဩဂုတ် ၁၄

ပြည်နယ်အဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးဆိုင်ရာ စားပွဲဝိုင်း ဆွေးနွေးခြင်းနှင့် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့မွန်းလွဲ ၂ နာရီက တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက ငလျင်၏ ပြင်းအားအပေါ်မူတည်၍ ဖျက်ဆီးမှုစွမ်းအား ကွာခြားမှုရှိသလို လူဦးရေထူထပ်မှု၊ အထပ်မြင့်အဆောက်အအုံများ များပြားမှု၊ ကြိုတင်ပြင်ဆင်ခြင်း အားနည်းမှုနှင့် ပြည်သူလူထု၏ ငလျင်ဘေးဆိုင်ရာ အသိပညာဗဟုသုတ ပြည့်စုံမှုရှိ၊ မရှိ ဆိုသည့်အချက်များပေါ်မူတည်ပြီး ထိခိုက်ဆုံးရှုံးမှု အနည်းအများ ကွာခြားသွားမည်ဖြစ်ကြောင်း၊ အစမ်းလေ့ကျင့်ခန်းများပြုလုပ်ခြင်းအားဖြင့် အသက်အန္တရာယ်နှင့် အခြားထိခိုက်ဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့်လုပ်ငန်းအဖွဲ့ခွဲ ၁၀ ခုက အဖွဲ့လိုက်ရေးဆွဲထားရှိသော ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ စံလုပ်ထုံး လုပ်နည်းများကို ဆွေးနွေးတင်ပြကြရာ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းအဖွဲ့၊ ပျက်စီးမှုပမာဏ သတင်းရရှိရေးနှင့် အရေးပေါ်ထောက်ပံ့ရေး လုပ်ငန်းအဖွဲ့၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေး လုပ်ငန်းအဖွဲ့များက ဆွေးနွေးတင်ပြကြသည်။

ထို့နောက်တောင်ကြီးတက္ကသိုလ် မိုင်းသောက်အဆောင်၌ ငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ ပြည်နယ် (ပြန်/ဆက်)



# မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဂုဏ်ပြုမိတ်ဆုံစားပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ



မုံရွာ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစီးပွားရေး တက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဂုဏ်ပြု မိတ်ဆုံ စားပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် အဆိုပါ တက္ကသိုလ်ကျောင်းရှိ ဘက်စုံ ခန်းမတွင်ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်၊ တိုင်း ဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ မုံရွာစီးပွားရေးတက္ကသိုလ်ပါမောက္ခ ချုပ် ဆရာမကြီးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် စီးပွားကဏ္ဍသည် အရေးပါ ပြီး စီးပွားရေးဘွဲ့ရများသည် နိုင်ငံရေး၊ စီးပွားရေး၊ ပေါ်လစီများ ချမှတ်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၌ မိမိတို့ တတ်မြောက်ထားသည့် ပညာရပ်များကို အကောင်းဆုံးအသုံးချသွားကြရန် လိုအပ်ပါကြောင်း၊ စာရင်းအင်းပညာဘွဲ့ရ မောင်မယ် များသည် နိုင်ငံ၏စာရင်းအင်း အချက်အလက်များကို မှန်မှန်ကန်ကန် ရေးဆွဲသုံးသပ်နိုင်ရေးအတွက် မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များနှင့် အားဖြည့်ပေးရမည် ဖြစ်ပါကြောင်း။

မုံရွာစီးပွားရေးတက္ကသိုလ်၏ စာကြည့်တိုက်တွင် ဘာသာရပ်ဆိုင်ရာ စာအုပ်များသာမက သုတ၊ ရသနှင့်ဆိုင်သော စာအုပ်စာပေများကိုပါ ဖတ်ရှု လေ့လာနိုင်ရန် စီစဉ်ပေးထားပါကြောင်း၊ မှန်ကန်စွာ စဉ်းစားတွေးခေါ်တတ်ရန်၊ သူတစ်ပါးပြောတိုင်း နားမယောင်ဖို့၊ အမှားအမှန် ခွဲခြားသိမြင်စေရန် စာကောင်းစာသန့်များ ရွေးချယ်ဖတ်ရှုတတ်ရန်လည်း အထူးမှာကြားလိုပါကြောင်း၊ ယခုခေတ်တွင် Social Media ကို လူတိုင်းအသုံးပြုကြသည့်အခါ အခြေအမြစ် မခိုင်မာသည့် သတင်းတု သတင်းယောင် သတင်းမှား များကို အဟုတ်ထင်ပြီး လမ်းမှားရောက်နေကြသည့် လူငယ်များစွာရှိပါကြောင်း၊ ထို့ကြောင့် မိမိကိုယ်တိုင် ချင့်ချိန်စဉ်းစားနိုင်စွမ်းရှိရန် အသိပညာ၊ ဗဟုသုတ ကြွယ်ဝရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခ ချုပ် ဒေါက်တာသီတာကြူက နှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့် သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မုံရွာစီးပွားရေး တက္ကသိုလ်ကျောင်းမှ ကျောင်းသား ကျောင်းသူများ ၏ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဒေါ်ရီရီသန်းက အဆို၊ အက အဖွဲ့များအတွက် ပါမောက္ခချုပ် ဆရာမကြီးထံ ငွေကျပ် ငါးသိန်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး နေ့လယ်စာ အတူသုံးဆောင်ခဲ့ကြကြောင်း သိရ သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၁၄

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိတပ်နယ် အားကစားခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြား သည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက ပြိုင်ပွဲဝင်အားကစားသမားများ၏ ပထမ နေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြ သည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၂ သင်းဖြင့် ဩဂုတ် ၂၀ ရက်အထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွ သုံးဆောင်

နေပြည်တော် ဩဂုတ် ၁၄

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်း ချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရား ပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော် စိတ် အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန် မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်း စိတ်ဓာတ် (Commander Spirit)၊ ဖခင် သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အနောက် တောင် တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူး များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များ နှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစု များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင် ကြသည်။



အလားတူ တိုင်းစစ်ဌာနချုပ်များ အလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့ များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်း နှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစား ပွဲများ ပြုလုပ်၍ တက်ရောက်အားပေး ကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်း များဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ် တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေး လျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၄၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေး ကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# တဲကြီးကုန်း၊ မဲဒီး၊ ဘစ်အမ်မှသည် ဖောင်းလောင်ဆီသို့

**မောင်အောင်**

ဒီတစ်ပတ် ရုံးပိတ်ရက် ကျွန်တော် ခရီးဝေးမသွားဖြစ်ပါ။ လိုအပ်က အလုပ်လုပ်ရန် စောင့်ဆိုင်းနေခြင်းဖြစ်ပါသည်။ ကျွန်တော့်ပင်ကိုစိတ်က ခရီးမသွားရ မနေနိုင်ပါ။ ရုံးဖွင့်ရက်တွင် နံနက် ၈ နာရီခွဲလောက် အိမ်ကထွက်ပြီး တစ်နေကုန်ရုံးတက်ပါသည်။ ပုံမှန်အားဖြင့် ည ၇ နာရီလောက်မှ အိမ်ပြန်လေ့ရှိသဖြင့် တစ်နေ့လုံးလုံး၊ တစ်ပတ်လုံးလုံး ရုံးတွင်သာ ရှိနေသည့်ကျွန်တော်။ တစ်ပတ်တစ်ကြိမ်တော့ ခရီးထွက်ပြီး တောရိပ်တောင်ရိပ် ကြည့်လိုပါသည်။ လယ်ကွင်းစိမ်းစိမ်းမှ ဖြတ်သန်းတိုက်ခတ်လာသည့် လေကောင်းလေသန့်များကို ရင်ဘတ်ကြီးအပြည့် တစ်ဝကြီးရှူလိုပါသည်။ ပြီးတော့ ပွင့်လင်းရိုးသားသည့် တောအရပ်မှ လယ်သမားကြီးများ၊ သူတို့၏ တဲ့တိုးပြောတတ်သည့်စကားများ ကျွန်တော်ကြားချင်ပါသည်။ သူတို့၏ စကားသံများက ကျွန်တော် ဘာလုပ်ရမည်ကို ညွှန်ကြားနေသည် မဟုတ်ပါလား။



သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာကို ရောစပ်ပြီးကြဲပက်နေစဉ်။

သည်တစ်ပတ်လည်း ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ စီးပွားဖြစ်မျိုးသန့် မျိုးစေ့ထုတ် စံပြစိုက်ကွင်းသို့ နံနက် ၈ နာရီထိုးခါနီး ရောက်ရှိသွားသည့်အခါ ကားလမ်းဘေးမဏ္ဍပ်တွင်း၌ တောင်သူဦးကြီးများ ရောက်ရှိပါပြီ။

"ကဲ ရောက်နေတာကြာပြီလား။ ဦးကြီးတို့ အစောကြီးလာနေရမှာစိုးလို့ အိမ်က ၇ နာရီခွဲမှ ထွက်ခဲ့တာ။"

ကျွန်တော်က အားလုံးကို ဝေ့ကြည့်ရင်း နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

"ကျုပ်တို့ တောသားတွေက မနက် ၅ နာရီ မထိုးခင် အိပ်ရာကထတာဗျ။"

"ကျွန်တော်လည်း တောသားပါ။ မနက် ၄ နာရီလောက် ပုံမှန်အိပ်ရာက ထပါတယ်။"

မျက်နှာသုတ်ပဝါခေါင်းပေါင်းထားသည့် ဦးကြီးတစ်ယောက်၏ အပြောကို ပြန်ဖြေလိုက်ရင်း ကျွန်တော် ရှေ့ဆုံးထိုင်ခုံ၌ ဝင်ထိုင်လိုက်သည်။

**နေပြည်တော် ကောင်စီနယ်မြေ ရှစ်မြို့နယ်**

"ကျွန်တော်တို့ နေပြည်တော်ကောင်စီနယ်မြေမှာ ပြီးခဲ့တဲ့ ၂၀၂၁-၂၀၂၂ ခုနှစ်မှာ စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါနှင့် ကြံ စုစုပေါင်း ၄၇၅၀၇၆ ဧက စိုက်ပျိုးဖို့ လျာထားရာမှာ အမှန်တကယ်စိုက်နိုင်တာ ၄၇၂၇၄၉ ဧက ဖြစ်ပါတယ်။ သီးထပ်စိုက်တာရယ်၊ ရှိတဲ့မြေဧကကို နွေသီးနှံ၊ မိုးသီးနှံ၊ မိုးနှောင်းနဲ့ ဆောင်းသီးနှံတွေပါ စိုက်နိုင်ခဲ့တာရယ်ကြောင့်တောင်သူတွေအနည်းဆုံး နှစ်သီးစားနိုင်တဲ့ အနေအထားရှိပါတယ်။ ဒီနှစ် ၂၀၂၂-၂၀၂၃ ခုနှစ် နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်မှာ လျာထားမိုးစပါးစိုက်ဧက ၁၆၈၂၇၀ မှာ မနေ့က အထိ ၈၅၇၅၁ ဧက စိုက်ပျိုးပြီး ဖြစ်ပါတယ်။ ကျန်တဲ့ စိုက်ဧကတွေကိုလည်း ဒီလအတွင်း အပြီး စိုက်ပျိုးသွားဖို့ လျာထားပါတယ်။"

နေပြည်တော် ကောင်စီနယ်မြေ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းထိန်က ကျွန်တော် အပါအဝင် တောင်သူကြီးများအား ရှင်းပြနေခြင်း ဖြစ်သည်။

"ကျွန်တော်တို့ မိုးစပါးကို လယ်မြေအခြေအနေအရ ကြဲခင်း၊ တိုက်ရိုက်အစေ့ချ၊ ရိုးရိုးပျိုးပြီး လက်နဲ့စိုက်တာ၊ စက်မှုလယ်ယာနဲ့ပေါင်းပြီး မျိုးစေ့ချစက်နဲ့ စိုက်တာ၊ ကောက်စိုက်စက်နဲ့ စိုက်တာ၊ အမျိုးမျိုးစိုက်ပြတာ၊ သရုပ်ပြတာ လုပ်ပေးပါတယ်။ အဓိက အထွက်နှုန်းတိုးဖို့က ကောက်ကွက်ပြည့်ပြီး တန်းခြား ပင်ခြားမှန်ကန်ဖို့၊ မျိုးကောင်းပြီး စိုက်နည်းစနစ်မှန်ကန်ဖို့နဲ့ သွင်းအားစု စနစ်တကျသုံးစွဲဖို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိ နေပြည်တော်ကောင်စီနယ်မြေမှာ လယ်မြေမှာသာမက ယာမြေ၊ သစ်တောမြေနဲ့ အခြားမြေတွေမှာလည်း မိုးစပါးစိုက်တာ ရှိပါတယ်။ ဒီလိုစိုက်တဲ့အခါမှာ ရေတော်၊ မိုးတော် စိုက်ရတာရှိသလို သဲဆန်ကုန်းကြောတွေမှာလည်း စိုက်တာရှိတာကြောင့် ရေမြေနဲ့ သင့်တော်တဲ့ စပါးမျိုးကို ရွေးချယ်စိုက်ပျိုးဖို့ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနက လယ်သမားတွေကို အကြံပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။"

ဦးဝင်းထိန် တင်ပြအပြီးတွင် ကျွန်တော့်အလှည့်ပါ။

**စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်း**

"ကျွန်တော်တို့နိုင်ငံမှာ လူဦးရေ ၁၀၀ ရှိရင် ၇၀ ရာခိုင်နှုန်းက တောအရပ်ဒေသမှာ နေတာကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဟာ ၇၀ ရာခိုင်နှုန်းသော တောအရပ်နေ ပြည်သူလူထုရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးပါတယ်။ တောအရပ်မှာနေတဲ့ လူအများစုဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအနေနဲ့ ဆောင်ရွက်တာ ဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော်ကို လက်ရှိတာဝန်ယူထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ ချမှတ်ထားတဲ့ ဦးတည်ချက်(၉)ရပ်အနက် စီးပွားရေးဦးတည်ချက်မှာ **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး"** ဆိုတဲ့ ဦးတည်ချက်ကို ပထမ အချက်အနေနဲ့ ထည့်သွင်းချမှတ်ပြဋ္ဌာန်းထားပြီး စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်အောင် အထူးဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

**"စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ဖို့ကိစ္စမှာ ကျွန်တော်တို့ တောင်သူဦးကြီးတွေ သိကြပြီးဖြစ်တဲ့ မျိုး၊ မြေ၊ ရေ၊ နည်း၊ သွင်းအားစု"** ဒီငါးချက်အရေးကြီးပါတယ်။ မျိုးကောင်းတဲ့ စပါးမျိုးကို ရွေးချယ်စိုက်ပျိုးမှ စပါးအထွက်ကောင်းပြီး ဈေးကောင်းရမှာပါ။ ဒီမျိုးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နေပြည်တော် ကောင်စီနယ်မြေမှာ အများစုကတော့ ဆင်းသုခနဲ့ မနောသုခ စိုက်ကြပေမယ့် စူပါနှံကောက်၊ ရွှေတိုး၊ ရောမင်း၊ GW11၊ ပေါ်ဆန်းရင်၊ ဆင်းသွယ်လတ်၊ ကောက်ညှင်းနဲ့ တောင်ယာစပါး စိုက်ကြတာတွေလည်းရှိပါတယ်။ မြေအခြေအနေအရ စိုက်ကြတာမှန်ပေမယ့် စောစောက ကျွန်တော်ပြောသလို အထွက်ကောင်းပြီး ဈေးကောင်းရတဲ့စပါးကို တစ်အုပ်တစ်မ စိုက်ကြဖို့ လိုပါတယ်။

**ဧက ၁၀၀၊ တင်း ၁၀၀ စီမံကိန်း**

"ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ပြီးခဲ့တဲ့နှစ်က ဧက ၁၀၀၊ တင်း ၁၀၀ ထွက်ရှိရေး ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာ ရှိပါတယ်။ ကျွန်တော်တို့ စိုက်ပြတာ၊ လုပ်ပြတာက စပါးမျိုးကောင်းကို စနစ်တကျသာစိုက်ခဲ့ရင် ဧက ၁၀၀ တစ်ဆက်တစ်စပ်တည်း စိုက်တာတောင် တင်း ၁၀၀ ကျော် သေချာပေါက် ထွက်တယ်ဆိုတာကို ကျွန်တော်တို့ တောင်သူတွေ သိစေချင်လို့ပါ ။ ဒီအခုတက်ရောက်လာတဲ့အထဲက မနှစ်က ဧက ၁၀၀၊ တင်း ၁၀၀ စီမံကိန်းမှာစိုက်တဲ့ တောင်သူပါပါသလားခင်ဗျ။"

"ပါပါတယ်။ ကျွန်တော်ပါ။ မနှစ်က ဧက ၁၀၀၊ တင်း ၁၀၀ စီမံကိန်းမှာ ကျွန်တော့်လယ် ၁၅ ဧက ပါပါတယ်။"

စောစောက တဘက်ခေါင်းပေါင်းထားသည့် တောင်သူဦးကြီးပင် ထ၍ ဖြေလိုက်ခြင်း ဖြစ်သည်။

"ဪ...စောစောက ဦးကြီးပဲကိုး၊ ကောင်းတာပေါ့။ မနှစ်က ဧက ၁၀၀၊ တင်း ၁၀၀ စိုက်တော့ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနက ဘာတွေလုပ်ပေးသလဲ။ ဘာ့ကြောင့် တင်း ၁၀၀ ထွက်တယ်လို့ ထင်သလဲ။"

**စနစ်တကျ လယ်မြေဖော်ထုတ်ထား**

"ဟာ...ဆရာကလည်း တင်း ၁၀၀ မထွက် ရှိပ့ါမလား။ ကျွန်တော့်လယ်ကို မြေပြင်တော့လည်း စက်မှုလယ်ယာက စက်တွေနဲ့ ထွန်ယက်ပေးတယ်။ ပြီးတော့ စပါးမျိုးကိုလည်း မျိုးကောင်း၊ အထွက်ကောင်း ဆင်းသုခကို သုံးပြီး ကောက်စိုက်စက်နဲ့ စိုက်ပေးတယ်။ သုံးပတ်လောက်ကြာတဲ့အခါ ကြားပေါင်းလိုက်စက်နဲ့ ကြားပေါင်းလိုက်ပေးတယ်။ ပြီးတော့ မြေဆီပက်ပေးတယ်။ ကျုပ်အကြိုက်ဆုံးကတော့ စိုက်ပျိုးရေးက ဝန်ထမ်းတွေပဲ။ မနက်ဆို တစ်ခါတလေ ကျုပ်တို့တောင် မရောက်သေးဘူး၊ သူတို့က ကွင်းထဲရောက်နှင့်နေပြီ။ တစ်ရက်လည်းမဟုတ်ဘူး။ နှစ်ရက်လည်း မဟုတ်ဘူး။ စပါးတစ်ရာသီပြီးတဲ့အထိ သူတို့လာပြီး ကြပ်မတ်ပေးတယ်။ လယ်က စနစ်တကျ လယ်မြေဖော်ထုတ်ထားတာကြောင့် ရေသွင်းမြောင်းမှာလည်း ရေကအဆင်သင့်။ စပါးမကောင်း ခံနိုင်ရောလား ဆရာရယ်။ စပါးက အထွက်လည်းကောင်း၊ ဈေးကောင်းလည်းရတာကြောင့် လေး၊ ငါးနှစ် အားခဲထားတဲ့ ကျွန်တော့် အိမ်ကလေးတောင် ပြင်ဆောက်ပြီး အလှူလေးတောင် လုပ်ဖြစ်သေးတယ်။"

ခေါင်းပေါင်းနှင့်ဦးကြီး၏ အားပါးတရ ပြောနေသံကြောင့် ကျွန်တော် ဝမ်းသာအားရဖြစ်မိသည်။

"စိုက်ပျိုးရေးဝန်ထမ်းတွေ နေ့တိုင်းလာတာ ခင်ဗျားက ဟင်းကောင်းချက်ကျွေးလို့နေမှာပေ့ါ။"

ကျွန်တော်က စလိုက်ခြင်းဖြစ်သည်။

"မကျွေးရပါဘူးဗျာ။ သူတို့ ထမင်းချိုင့်နဲ့ သူတို့လာပြီး ဒီသစ်ပင်ရိပ်အောက် ထိုင်စားသွားကြတာပါ။"

"အဘ၊ ဦးအောင်ငွေကြီး လယ်က မနှစ်က ဧက ၁၀၀၊ တင်း ၁၀၀ စီမံကိန်းမှာပါတော့ သူက မနှစ်ကလည်း အဆင်ပြေတယ်။ စပါးမျိုးတွေ၊ မြေဩဇာတွေလည်း ဌာနက ထောက်ပံ့ပေး၊ စိုက်ပျိုးရေးက ဝန်ထမ်းတွေကလည်း လာပြီးကြည့်ပေးတယ်။

**စာမျက်နှာ ၇ သို့**

> **"လက်ရှိ နေပြည်တော်ကောင်စီနယ်မြေမှာ လယ်မြေမှာသာမက ယာမြေ၊ သစ်တောမြေနဲ့ အခြားမြေတွေမှာလည်း မိုးစပါးစိုက်တာရှိပါတယ်။ ဒီလိုစိုက်တဲ့ အခါမှာ ရေတော်၊ မိုးတော် စိုက်ရတာရှိသလို သဲဆန်ကုန်းကြောတွေမှာလည်း စိုက်တာရှိတာကြောင့် ရေမြေနဲ့သင့်တော်တဲ့စပါးမျိုးကို ရွေးချယ်စိုက်ပျိုးဖို့ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနက လယ်သမားတွေကို အကြံပြုဆောင်ရွက်ပေးလျက်ရှိ"**

❍ စာမျက်နှာ ၆ မှ

ဒီနှစ်လည်း သူ့လယ်က စီးပွားဖြစ်မျိုးစေ့ထုတ်စိုက်ခင်းမှာပါတော့ မျိုးရောမြေဆီတွေပါ ပူစရာမလိုတဲ့အပြင် ထွန်ယက်တာတွေ၊ ပေါင်းလိုက်တာတွေ ဌာနက လာလုပ်ပေးတာကြောင့် စိုက်ဘဏ်မှာထားတဲ့ သူ့ပုံစံ (၇)တောင် ရွေးပြီးသွားပြီ။ ကျွန်တော်တို့မှာတော့ အထွက်ကလေးကောင်းပြီး စပါးဈေးလေးသင့်တာကြောင့် စားဝတ်နေရေး အဆင်ပြေပေမယ့် စိုက်ဘဏ်မှာထားတဲ့ ပုံစံ(၇)တော့ ပြန်မရွေးနိုင်သေးဘူး။”

ဦးအောင်ငွေနောက်တန်းမှ အသားညိုညို၊ ခန္ဓာကိုယ်တုတ်တုတ်လူရွယ်၏ တင်ပြသံကြောင့် ကျွန်တော်လှမ်းပြီး ကြည့်လိုက်မိသည်။

“သာအေးရယ်၊ ငါ့လယ်က စနစ်ကျလယ်ယာမြေထဲလည်းပါတယ်။ လမ်းဘေးမှာလည်းရှိပြီး တို့တောင်သူတွေကို ပညာပေးသရုပ်ပြရင် လွယ်တာကြောင့် ငါ့လယ်ကို စိုက်ပျိုးရေးက ရွေးတာပါ။ မင်းတို့က ဟိုးပြီးခဲ့တဲ့ တစ်နှစ်၊ စနစ်ကျလယ်ယာမြေဖော်ထုတ်တုန်းကပါမှ မပါကြဘဲကိုး။ မင်းတို့ပဲ လယ်ယာလျှော့မယ်ဆိုပြီး မလုပ်ကြတာလေ။”

“ဟုတ်တယ်အဘ။ အခု ကျွန်တော်တို့ အဲဒီစနစ်ကျ လယ်မြေဧကကွက်ဖော်ထုတ်တာလည်း ကျွန်တော်တို့ လုပ်ချင်တယ်။ ဧက ၁၀၀၊ တင်း ၁၀၀ ထဲမှာလည်း ပါချင်တယ်။ ဘကြီးအောင်ငွေလို မျိုးစေ့ထုတ်စိုက်ခင်းမှာလည်းပါပြီး ပုံစံ (၇)လည်း ရွေးချင်တယ်။”

“အေး မင်းအိမ်လည်း ပြင်ပြီး ဆောက်ချင်တယ်။ အောင်ဘုလေးလည်း ရှင်ပြုချင်တယ်။ ခင်စိန်ကိုလည်း နားကပ်ဝယ်ပေးချင်တယ် ထည့်ပြောဦးလေကွာ။”

**စိုက်ပျိုးရေး ပညာပေးသရုပ်ပြပွဲ**

သာအေး၏ စကားကို ဦးအောင်ငွေက ဝင်ဖြည့်ပေးလိုက်၍ ပရိသတ်ကြီး ဝါးခနဲ ရယ်လိုက်ကြသည်။ ကျွန်တော်တို့၏ မြေသြဇာကြဲပက်ပွဲက ဌာနဆိုင်ရာ၏ စိုက်ပျိုးရေး ပညာပေးသရုပ်ပြပွဲဆိုသည်ထက် တောင်သူမိသားစု စကားဝိုင်းနှင့် တူနေသည်။ ကိုသာအေး၏ အမေးစကားများကို ဖြေကြားရမည်မှာ ကျွန်တော့်တာဝန် ဖြစ်လာသည်။

“အေးပေါ့ကွာ။ နိုင်ငံတော်အစိုးရကတော့ ကိုယ့်တောင်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးချင်တာပဲပေါ့။ တောင်သူတွေရဲ့ လယ်ကွက်တွေက မိရိုးဖလာ ပိုင်ဆိုင်ခဲ့ကြတာကြောင့် အကွက်မကျဘူး။ ပုံစံအမျိုးမျိုးဖြစ်နေတယ်။ ကျွဲနဲ့ နွားနဲ့ ထယ်ထိုးရင်၊ ထွန်မွှေရင်တော့ ပြဿနာမရှိဘူး၊ လှည့်လို့ရတယ်လေ။ စက်ကြီးနဲ့ ဝင်တော့ လယ်ကွက်က ကျဉ်းတယ်။ ဒီကြားထဲ မြေကမညီတော့ နိမ့်တဲ့အကွက် ရေရတဲ့အချိန်မှာ မြင့်တဲ့အကွက် ရေမရဘူး။ မြင့်တဲ့အကွက်လည်း ရေရရော နိမ့်တဲ့အကွက်က ရေမြုပ်ပြီ။ ဒါ့အပြင် ရေရချိန်မတူတော့ စိုက်ချိန်ကွာတယ်။ စပါးရင့်မှည့်ချိန်ကွာတယ်။ ဒီတော့ စပါးသိမ်းတဲ့အခါ ပြဿနာတက်ပြီ။ ရင့်တဲ့ စပါးခင်းက ကွင်းလယ်မှာ ရောက်နေတယ်။ ကုန်ထုတ်လမ်းမရှိတော့ ထုတ်လို့မရဘူး။ ဒီတော့ သူများအခင်းထဲက ဖြတ်ပြီး ထုတ်မယ်ဆို ဘယ်လိုမှ ပေးမထုတ်ဘူး။ အဲဒါကြောင့် ကျွန်တော်တို့က စနစ်ကျလယ်ယာမြေဖော်ထုတ်ပေးတာ။ စနစ်ကျလယ်ယာမြေ စပြီးဖော်ထုတ်ရင် လယ်ကွက်တွေ မြေအရင်ညှိတယ်။ ပြီးတော့ ကုန်ထုတ်လမ်းဖောက်တယ်။ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းတွေ ထည့်တယ်။ ဒီတော့ ဆည်ကနေ ရေပေးတဲ့အခါမှာအားလုံးက တညီတညာတည်း ရေရတယ်။ ဒီတော့ ပြိုင်တူစိုက်လို့ရတယ်။ စပါး ရင့်မှည့်တဲ့အခါလည်း တစ်ကွင်းတည်း၊ တစ်စပ်တည်း ရင့်မှည့်တယ်။ ကုန်ထုတ်လမ်းရှိတာကြောင့် ကိုယ့်ကွင်းကို ရင့်မှည့်တဲ့အချိန်မှာ ရိတ်လို့ရတယ်။ ကဲ ဒီထက်ကောင်းတာ ဘာရှိသေးလဲ ကိုသာအေးရဲ့။”

“ဟုတ်တယ်လေ အဘရဲ့။ ဒါ့ကြောင့် ကျွန်တော်က ကျွန်တော့်လယ်ကွက်လည်း စနစ်ကျ လယ်ယာမြေဖော်ထုတ်ချင်တာ။ အဘတို့ ဘယ်တော့ စနစ်ကျလယ်ယာဖော်ထုတ်ဖို့ရှိသေးလဲ။”

ကိုသာအေးက အားတက်သရော မေးလာသည်။

**❝ စနစ်ကျလယ်ယာမြေဖော်ထုတ်တာမှာ နိုင်ငံတော်က ငွေအများကြီး အကုန်အကျခံပြီးလုပ်ရတာ။ တစ်ဧကကွက်တစ်ကွက်ဆိုရင် နိုင်ငံတော်က ငွေကျပ် ၁၂ သိန်းကနေ ၁၆ သိန်းလောက်အထိ အကုန်အကျခံပြီးလုပ်ရတာ။ အဲဒါကြောင့် ဧက ၁၀၀ ကွက်ဆိုရင် ငွေကျပ်သိန်း ၁၂၀၀ ကနေ ၁၆၀၀ လောက်အထိကုန်တာ။ တစ်မြို့နယ်မှာ ဧက ၁၀၀ ကွက်တစ်ကွက်ဖော်ထုတ်ပေးရင် နောက်မြို့နယ်ကလည်း အခုလိုပဲ လိုချင်တာပဲ။ နေပြည်တော်ကောင်စီနယ်မြေရှစ်မြို့နယ်စလုံးမှာတော့ စနစ်တကျလယ်ယာမြေဧက ၁၀၀ ကွက်တွေ ဖော်ထုတ်ပေးပြီးပြီ ❞**

“စနစ်ကျ လယ်ယာမြေဖော်ထုတ်တာမှာ နိုင်ငံတော်က ငွေအများကြီး အကုန်အကျခံပြီး လုပ်ရတာ။ တစ်ဧကကွက်တစ်ကွက်ဆိုရင် နိုင်ငံတော်က ငွေကျပ် ၁၂ သိန်းကနေ ၁၆ သိန်းလောက်အထိ အကုန်အကျခံပြီး လုပ်ရတာ။ အဲဒါကြောင့် ဧက ၁၀၀ ကွက်ဆိုရင် ငွေကျပ်သိန်း ၁၂၀၀ ကနေ ၁၆၀၀ လောက်အထိကုန်တာ။ တစ်မြို့နယ်မှာ ဧက ၁၀၀ ကွက်တစ်ကွက်ဖော်ထုတ်ပေးရင် နောက်မြို့နယ်ကလည်း အခုလိုပဲ လိုချင်တာပဲ။ နေပြည်တော်ကောင်စီနယ်မြေရှစ်မြို့နယ်စလုံးမှာတော့ စနစ်ကျလယ်ယာမြေ ဧက ၁၀၀ ကွက်တွေ ဖော်ထုတ်ပေးပြီးပြီ။ ကျန်တဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်း လုပ်ပေးရသေးတယ်လေ။ အစိုးရနဲ့ ပြည်သူဆိုတာက မိဘနဲ့ သားသမီးလိုပဲလေ။ မိဘက သားသမီးတွေအားလုံး မျှမျှတတ ချစ်ဖို့ လိုတယ်။ မျှမျှတတ အခွင့်အရေးပေးဖို့ လိုတယ်။ အဲဒါမှ သားသမီးတွေက ချစ်ခင်ကြည်ညို လေးစားမှာပေါ့။ တိုင်းပြည်နဲ့တွက်ရင် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေ မျှတဖို့လိုသလို မြို့နယ်နဲ့ တွက်ရင်တော့ ကျေးရွာအုပ်စုမျှတဖို့ လိုတယ်။ အဲဒီတော့ ဒုတိယအသုတ် ရောက်လာရင်တော့ ခင်ဗျားတို့ လယ်တွေ ပါရင် ပါလာမှာပေါ့ဗျာ။”

“အဘ နေကလေးနည်းနည်း ပူလာပြီ။ ၉ နာရီမထိုးခင် ကျွန်တော်တို့ သဘာဝမြေသြဇာနဲ့ ဓာတ်မြေသြဇာ ရောပြီး ကြဲပက်တာလေး လုပ်လိုက်ရင် ကောင်းပါမယ်ခင်ဗျ။”

ကိုဝင်းထိန် သတိပေးလာ၍ စကားစ ဖြတ်ပြီး ကျွန်တော်တို့ မဏ္ဍပ်ဘေးရှိ မြေသြဇာပုံသို့ လာခဲ့ကြသည်။ တောင်သူများလည်း မဏ္ဍပ်တွင်းမှ ထွက်၍ မြေသြဇာပုံ ပတ်လည်တွင် နေရာယူလိုက်ကြသည်။

**နွားချေးနဲ့ ပုလဲဓာတ်မြေသြဇာ**

“ဒီမြေဆွေးပုံက ဒီစပါးခင်းက အခု ကောက်ပင်လှန်ချိန်ဖြစ်နေတဲ့အတွက် နွားချေးမြေဆွေးတစ်အိတ်ခွဲနဲ့ ယူရီးယား အိတ်ဝက်ထည့်ရမှာပါ။ အခုလက်တွေ့ စပ်ပြီးပြချင်တာကြောင့် အခုမှ စပ်ပြီး ပြပေမယ့် တကယ်တမ်းကျတော့ ညကတည်းက ဒီသုံးချိုးတစ်ချိုးအတိုင်း စပ်ပြီး သမအောင်မွှေပြီးတော့ ဖုံးအုပ်ထားရပါမယ်။ အခု စပါးခင်းထဲမှာ ကြဲပက်နေတာက ညကတည်းကစပ်ပြီး နှပ်ထားတဲ့ နွားချေးနဲ့ ပုလဲဓာတ်မြေသြဇာအရောကို ကြဲပက်နေတာပါ။

စိုက်ပျိုးရေး မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးကြွယ်က ဝိုင်း၍ကြည့်နေကြသော တောင်သူဦးကြီးများကို ရှင်းပြနေခြင်းဖြစ်သည်။ တောင်သူဦးကြီးများထဲတွင် တောင်သူမကြီးများလည်း တစ်ဝက်ခန့် ပါနေသည်။ မြန်မာ့လယ်ယာလောကကို တောင်သူမကြီးများ ကြီးစိုးတော့မှာလား။

“ဒီစိုက်ခင်းအတွက်တော့ နွားချေးနဲ့ ယူရီးယား သုံးအချိုး တစ်အချိုး ရောတာ ဟုတ်ပါပြီ။ ပျိုးခင်းကျရင်ရော ဒီအတိုင်းပဲ ရောရမှာလား။ ဘယ်လိုအချိုးနဲ့ ရောရမှာလဲ။”

သနပ်ခါးပါးကွက်ကြားနှင့်တောင်သူမကြီးက စိတ်ဝင်တစား မေးလာသည်။ သူ့ခန္ဓာကိုယ် တောင့်တင်းသန်မာပုံအရ ကိုယ်တိုင်လုပ်သည့် တောင်သူမကြီး ဖြစ်နိုင်သည်။

“ဟုတ်ပါတယ်။ ကျွန်မ ပြောမလို့ပါ။ စပါးမျိုးနဲ့ စပါးအသက်ကိုလိုက်ပြီး နွားချေးနဲ့ ပုလဲမြေသြဇာ ရောနှောတဲ့ အချိုးက ကွာခြားပါတယ်။ တကယ်လို့ စပါးအထွက်တိုးမျိုး ဆင်းသွယ်လတ်ကို ပျိုးမယ်ဆိုရင် ပျိုးခင်းမှာ သဘာဝ နွားချေးမြေသြဇာ နွားလှည်းနှစ်စီးနဲ့ ကွန်ပေါင်းငါးပြည် ထည့်ရပါမယ်။ ပျိုးသက် ၁၀ ရက်သားရောက်ရင် ယူရီးယား နှစ်ပြည်နဲ့ နွားချေးခြောက်ပြည် အခုလိုပဲ သုံးအချိုးတစ် ထည့်စပ်ပြီး ကြဲပက်ပေးရပါမယ်။

ပျိုးပင်တွေကို စိုက်ခင်းမပြောင်းခင် စိုက်ခင်းမှာ မြေခံအနေနဲ့ နွားချေးငါးစီး ကနေ ၁၀ စီးနဲ့ ကွန်ပေါင်းနှစ်အိတ် ရောစပ်ပြီး ထည့်ပေးရပါမယ်။ ရွှေ့ပြောင်း စိုက်ပြီး ခုနစ်ရက်ကနေ ၁၀ ရက်ကြား ကောက်ပင်လှန်ချိန်မှာတော့ ကနေ့ ထည့်သလို သုံးချိုးတစ်ချိုး ရောစပ်ထည့်ပြီး တစ်လသားအရွယ်ရောက်ရင် ပိုတက်ရှ်ဓာတ်ဆားအိတ် တစ်စိတ်ထည့်ပေးဖို့ လိုပါတယ်။ ကျွန်မတို့ လူတွေ နေ့စဉ် အစာစားသလို၊ စပါးပင်တွေ ဖြစ်ထွန်းအောင်မြင်စေချင်ရင် အသက်အရွယ်အလိုက် မြေဆီ၊ မြေသြဇာကျွေးဖို့ လိုပါတယ်။

**၁၃၅ ရက် စပါးမျိုးတွေဖြစ်**

စပါးပင် ရွှေ့ပြောင်းစိုက်ပြီး ၄၂ ရက်ကြာ အလံ့ရွက်ထွက်ချိန်နဲ့ ရွှေ့ပြောင်းစိုက်ပြီး ၅၅ ရက်ကြာ အနှံမထွက်မီငါးရက်အလိုမှာ အခုလိုပဲ ယူရီးယားနဲ့ နွားချေးသဘာဝမြေသြဇာကို သုံးချိုးတစ်ချိုးရော၊ နှံ့စပ်အောင်မွှေ၊ တစ်ညနှပ်ပြီးမှ ကြဲပက်ပေးရင် အကောင်းဆုံးပါ။ ကိုယ်စိုက်ပျိုးတဲ့ စပါးမျိုးအလိုက် ဓာတ်မြေသြဇာနဲ့ သဘာဝမြေသြဇာ ရောစပ်နည်းတွေကိုတော့ အခု ဝေထားတဲ့ လက်ကမ်းစာစောင်မှာ ပါပြီးဖြစ်ပါတယ်။ အဲဒီ လက်ကမ်းစာစောင်ထဲမှာ သက်တမ်း ၁၀၀ ကနေ ၁၁၅ ရက်သက်တမ်းရှိတဲ့ ရွှေမနော်၊ ရွှေသွယ်ရင်၊ သီးထပ်ရင်နဲ့ ထိုင်းနံ့ကောက်စပါးမျိုး၊ သက်တမ်း ၁၃၀ ကနေ ၁၃၅ ရက် စပါးမျိုးတွေဖြစ်တဲ့ မနောသုခနဲ့ ဆင်းသုခစပါးမျိုးတွေအတွက် မြေသြဇာရောစပ်နည်းတွေ ပါရှိပါတယ်။ တကယ်လို့ လက်ကမ်းစာစောင်မှာ မပါသေးတဲ့ စပါးမျိုးတွေအတွက် မြေသြဇာရောစပ်နည်းတွေနဲ့ တခြားသိချင်တာရှိရင် ကျွန်မတို့ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေကို အချိန်မရွေး မေးမြန်းနိုင်ပါတယ်ရှင့်။”

ဒေါ်လှမျိုးကြွယ်က သူ့စကားကို အဆုံးသတ်ရင်း ရောစပ်ထားပြီးသည့် မြေသြဇာပုံကို ကြဲပက်ရန် ပြင်ဆင်လိုက်သည်။

“ကျွန်မတို့က ဒီပုလဲဓာတ်မြေသြဇာကို အကျိုးရှိအောင် ဘယ်လိုသုံးရမယ်ဆိုတာရယ်၊ ဘာ့ကြောင့် ၉ နာရီမထိုးခင် သုံးရတယ်ဆိုတာကို သိချင်သေးတာ။”

“ကျွန်တော့်နာမည် ဦးဝင်းဦးပါ။ စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်က ဓာတ်မြေသြဇာနည်းပညာနဲ့ ပတ်သက်တဲ့ ညွှန်ကြားရေးမှူးပါ။”

အောင်မြင်ခံ့ညားသည့် အသံဖြင့် အရပ်ရှည်ရှည်၊ အသားညိုညို၊ မျက်မှန်ထူထူ တပ်ထားသည့် ဦးဝင်းဦး၏ အသံက မေးလာသည့် အမေးရှင်ကို စိတ်ဝင်စားသွားစေပါသည်။

“ဒီပုလဲဓာတ်မြေသြဇာက စနစ်တကျအသုံးပြုတတ်ရင် အစွမ်းထက်ပြီး အကျိုးအာနိသင်ရှိသလို၊ အသုံးမပြုတတ်ရင် ဓာတ်မြေသြဇာမှာပါတဲ့ နိုက်ထရိုဂျင်ဓာတ် ၆၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိ လေလွင့်ဆုံးရှုံးနိုင်ပါတယ်။ အဲဒီလေလွင့်ဆုံးရှုံးမှုကြောင့် စပါးတစ်ဧကမှာ ပုလဲဓာတ်မြေသြဇာ နှစ်အိတ်သုံးပေမယ့် စပါးပင်အတွက် နိုက်ထရိုဂျင် ငါးပုံတစ်ပုံလောက်သာ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုဆုံးရှုံးရတာက နိုက်ထရိုဂျင်ဓာတ်က အမိုးနီးယမ်းအဖြစ် ရေထဲ ပျော်ဝင်ပြီးပါသွားတာ၊ အမိုးနီးယမ်းဓာတ်ငွေ့အဖြစ် လေထဲမှာ အငွေ့ပြန်ပြီး ဆုံးရှုံးသွားတာ၊ နိုက်ထရိုဂျင်ဓာတ်ငွေ့အဖြစ် လေထဲမှာအငွေ့ပြန်ပြီး ဆုံးရှုံးတာ အပြင် နိုက်ထရိတ်အဖြစ်လည်း ရေထဲမှာ ပျော်ဝင်ပြီး ဆုံးရှုံးသွားတာ ဖြစ်ပါတယ်။ ဒါ့အတွက်ကြောင့် မနက် ၉ နာရီမတိုင်ခင် ရာသီဥတုအေးတဲ့အချိန်မှာ ဆုံးရှုံးမှု နည်းတာကြောင့် ၉ နာရီမတိုင်ခင် အသုံးပြုကြဖို့ ပြောတာပါ။

**ပင်ပွားအများဆုံး ထွက်ချိန်နဲ့ မှိုကပ်ချိန်မှာ သုံးရပါမယ်**

ပုလဲဓာတ်မြေသြဇာကို အကျိုးရှိရှိ အသုံးပြုဖို့ စပါးစိုက်ပျိုးတဲ့ သက်တမ်းတစ်လျှောက်မှာ တစ်ဧကကို သဘာဝမြေသြဇာဖြစ်တဲ့ နွားချေး၊ မြေဆွေး၊ အမှိုက်ဆွေး၊ ဘိုကာရှီ သုံးအိတ်နဲ့ ပုလဲဓာတ်မြေသြဇာတစ်အိတ် ရောစပ်ပြီး သုံးသင့်ပါတယ်။ သုံးတဲ့အချိန်မှာလည်း တစ်ကြိမ်တည်း သုံးတာမဟုတ်ဘဲ စပါးပင် နိုက်ထရိုဂျင်ဓာတ် လိုအပ်တဲ့ ကောက်ပင်လှန်ချိန်၊ ပင်ပွားအများဆုံး ထွက်ချိန်နဲ့ မှိုကပ်ချိန်မှာ သုံးရပါမယ်။ တစ်ကြိမ်မှာ ပုလဲဓာတ်မြေသြဇာ တစ်အိတ်ရဲ့ သုံးပုံတစ်ပုံနဲ့ သဘာဝမြေသြဇာတစ်အိတ် ရောရပါမယ်။ ရောစပ်တဲ့အချိန်မှာ အစိုဓာတ် မများလွန်းစေဘဲ အစိုဓာတ်သင့်ရုံသာရှိသင့်ပါတယ်။ အဲဒီလို ရောပုံပြီး အပေါ်ကနေ ပလတ်စတစ် ဒါမှမဟုတ် ဂုန်နီအိတ် အုပ်ပြီး တစ်ညနှပ်ထားရပါမယ်။

မြေသြဇာ ကြဲပက်တဲ့အခါမှာလည်း မိုးအုံ့နေရင် နေ့လယ်ပိုင်း ကြဲပက်နိုင်ပေမယ့် နေပူရင်တော့ မနက် ၇ နာရီကနေ ၉ နာရီအတွင်းနဲ့ ညနေ ၃ နာရီ နောက်ပိုင်း ကြဲပက်တာ အကောင်းဆုံးပါပဲ။ မြေသြဇာအရောကို စပါးခင်းမှာ ကြဲပက်ပြီးတိုင်း တမန်းပြင်အောက်ကိုရောက်ရှိအောင် ပေါင်းလိုက်၊ တမန်းနှိုးကိရိယာနဲ့ တမန်းနှိုးပေးတာ၊ ခြေထောက်နဲ့ ပတ်ပြီး နင်းပေးတာနဲ့ မြေသြဇာရဲ့ အာနိသင်ကို မြန်မြန်ရရှိစေမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။”

ဦးဝင်းဦးက သူ့စကားကို အဆုံးသတ်လိုက်သည်။ ပြီး တစ်ဆက်တည်း ပြောလာသည်။

“အဘရေ မဲဒီးမှာ အဖွဲ့တွေ စောင့်နေတယ်၊ သွားကြရအောင်။”

ကျွန်တော်တို့အဖွဲ့ တဲကြီးကုန်းမှ တောင်သူဦးကြီးများကို လက်ပြနှုတ်ဆက်ပြီး မဲဒီးရွာသို့ ဆက်ပြီး ထွက်ခဲ့ကြပါသည်။ တောင်သူဦးကြီးများ၊ တောင်သူမကြီးများ၏ ရွှင်ပြုံးစွာ နှုတ်ဆက်နေပုံက နေရောင်ခြည်အောက်တွင် အားအင်အပြည့် ခင်မင်ရင်းနှီးစွာဖြင့်…။ ။

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၆
အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com


❒ ရှေ့ဖုံးမှ

မိုးစပါးသီးနှံများကို ပန်းခွာ၊ ကျီးပြ၊ သင်ပျို၊ ကျီးအိပ်၊ ဒွေးလှ၊ ငါးဆူ၊ ရှားပင်ကျေးရွာအုပ်စုများတွင် ဧက ၂၂၄၀၊ ဒါန်းတိုင်၊ ရန်ဘက်လို၊ ပေတော၊ ဘုံကွင်း၊ စင်းကွန်းကျေးရွာအုပ်စုများတွင် ၅၇၉၂ ဧက၊ လက်ပန်ဇင်၊ မယ်ဇယ်ပင်၊ တံစိုး၊ သူငယ်တော်၊ ပွတ္တိုင်၊ မြောင်းဦး၊ အနောက်သာဂရ၊ ရွာပုလဲ၊ ကတဲ၊ ပန်ကျေးရွာအုပ်စုများတွင် ၅၃၄၃ ဧက၊ ညောင်ရွေ၊ သင်ပုတ်၊ ဇရပ်ဖြူ၊ ငါးအိုး၊ ရွာနန်း၊ လက်ပန်၊ ညောင်ဝန်း၊ ကြောင်ပန်းကုန်း ကျေးရွာအုပ်စုများတွင် ၄၂၀၆ ဧက၊ တောင်နောက်၊ သင်တောင်း၊ အင်တိုင်း၊ ပြည်ပန်းဖောင်ရွာ၊ ကြက်မင်းတွန်၊ ပတ္တာ၊ ပင်တလည်၊ သမန္တလင်း၊ မြင်းကဘက်၊ မုန့်ပေါင်း၊ လက်ပန်ဇင် ကျေးရွာအုပ်စုများတွင် ဧက ၅၉၇၀၊ အရှေ့ငယ်တိုး၊ ထန်းဇင်တော်၊ ငှက္ကတောင်၊ ရွှေခား၊ ရဲဘော်ကြီးကျေးရွာအုပ်စုများတွင် ၃၉၁၄ ဧက၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ ဇရစ်ခဲ၊ အုန်းကြော၊ ကြက်သားဟင်း ကျေးရွာအုပ်စုများတွင် ဧက ၂၅၀၊ သင်္ဂတုံ၊ အရှေ့သာဂရ၊ ကလေး၊ မှိုင်းပန်၊ ပြည်တော်သာ၊ ရှမ်းတောင်ဦး၊ ပုထိုးနီ၊ ကုလားကျောင်းကျေးရွာအုပ်စုများတွင် ၅၉၈၄ ဧက၊ ရဲမအူ၊ စိုင်မလန်း၊ ကိုးပင်၊ အင်ရောင်း၊ ကလိုင်ကျော် ကျေးရွာအုပ်စုများတွင် ၄၂၃၃ ဧက၊ မင်းစု၊ စပါယ်တော၊ ရွှေအင်း၊ လေးဆယ်ကုန်း၊ တောတွင်၊ မြေစိုပယ် ကျေးရွာအုပ်စုများတွင် ၅၀၁၂ ဧက၊ ဟံမြင့်မိုရ်၊ လယ်ကြီး၊ ပုန်းညက်ကျေး၊ ကျားကာ၊ သံရွာ၊ ခါးတက်ကုန်းကျေးရွာအုပ်စုများတွင် ၄၆၈၈ ဧက၊ ဆူးလေကုန်း၊ ပေါက်ပင်ကွေ့၊ မြေစိုမိုး၊ ပဲခင်း၊ ပေါင်လောင်၊ တောင်တော်၊ ကင်းကျေးရွာအုပ်စုများတွင် ၅၁၈၅ ဧက စုစုပေါင်း ၅၂၈၁၇ ဧက စိုက်ပျိုးရန်လျာထားခဲ့ကြောင်း သိရသည်။

စပါးစိုက်ခင်းများ အောင်မြင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ပိုးမွှားကင်းစင်သည့်မျိုးသန့်မျိုးကောင်းများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သတ်မှတ်အထွက်နှုန်းပြည့်မီစေရေးအတွက် စိုက်ပျိုးနည်းစနစ်များမှန်ကန်စေရေး၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲစေရေး၊ ပေါင်းမြက်များ အချိန်မီနှိမ်နင်းရေး၊ ကင်းထောက်မှတ်တမ်းများယူပြီး ပိုးမွှားရောဂါကြိုတင်ကာကွယ်နှိမ်နင်းပေးခြင်း၊ စိုက်ပျိုးရေရွှေတာပြီး ရေသွင်းရေထုတ်မှန်ကန်စေရေး၊ သဘာဝမြေဩဇာများ၊ သဘာဝမှိုသတ်ဆေးများ၊ ပိုးသတ်ဆေးများ ကိုယ်တိုင်ပြုလုပ်သုံးစွဲစေရေး စသည့် နည်းပညာများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သက်မောင်

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်(၁၆)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မကွေး ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင် ငါးခရိုင် အသက်(၁၆)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက မကွေးခရိုင် အားကစားကွင်း၌ ကျင်းပသည်။



**ဖွင့်လှစ်ပေး**

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က "ဘောလုံးပြိုင်ပွဲကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြင့်မားလာစေရန်၊ အားကစားလှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် စုပေါင်းလှုပ်ရှားသော အလေ့အကျင့်ကောင်းများ ရရှိလာပြီး တိုင်းဒေသကြီး လက်ရွေးစင် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဘောလုံး အားကစားသမားကောင်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ကြောင်း၊ အားကစားဆိုသည်မှာ ယခုရေတွင်းတူး ယခုရေကြည်သောက်၍ရသည့် အရာမဟုတ်ဘဲ အချိန်၊ ငွေ၊ နည်းစနစ်၊ အထောက်အကူပစ္စည်း၊ လူသားအရင်းအမြစ်၊ စီမံခန့်ခွဲမှုတို့နှင့် တည်ဆောက်ယူရခြင်းဖြစ်သည့်အပြင် အားကစားဖွံ့ဖြိုးတိုးတက်ခြင်းမှာ လူငယ်များ၏ ဖွံ့ဖြိုးခြင်းဖြစ်သလို လူငယ်ဖွံ့ဖြိုးမှုဟာလည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်ပြီး တစ်ခုနှင့် တစ်ခု ဆက်စပ်နေသည့်အတွက် နိုင်ငံတော်အတွက် အားထားရသော အနာဂတ် လူချွန်လူကောင်းများ ဖြစ်အောင်ကြိုးစားကြရန် မှာကြားလိုကြောင်း" ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများမှ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာ၍ ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်မှ ၂၂ ရက်အထိ နံနက်ပိုင်းနှင့် ညနေပိုင်း ပွဲစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု ပထမနေ့ပွဲစဉ်အဖြစ် သရက်ခရိုင်အသင်းနှင့် မကွေးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မကွေးခရိုင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ မင်ဘူးခရိုင်အသင်းနှင့် ဂန့်ဂေါ ခရိုင်အသင်းတို့ ယှဉ်ပြိုင်ရာတွင် မင်းဘူးခရိုင် အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**မြန်မာ့ ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် ဩဂုတ် ၁၄။** ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တိုင်းဒေသကြီး ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ထားဝယ် ဩဂုတ် ၁၄

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တနင်္သာရီ တိုင်းဒေသကြီး ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ကျန်းမာသန်စွမ်းသည့်လူ့အဖွဲ့အစည်းတည်ဆောက်နိုင်ရန်အတွက် ကျောင်းသားလူငယ်များ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးသည် အလွန်အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအနာဂတ်သည် နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းပေါ်တွင် မူတည်သောကြောင့် မြန်မာနိုင်ငံ၏ အနာဂတ် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော ကျောင်းနေအရွယ်ကလေးများ၏ ကျန်းမာရေးသည် အလွန်အရေးကြီးကြောင်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းဆိုသည်မှာ တစ်နှစ်ပတ်လုံး အကောင်အထည်ဖော်ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ကြောင်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းများ အရေးပါပုံနှင့် ကျန်းမာရေး အဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကို ကျောင်းသားကျောင်းသူများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပိုမိုသိရှိလာပြီး ကျန်းမာရေး အဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးမှုများ ပိုမိုအားကောင်းလာစေရေး ရည်ရွယ်ချက်ဖြင့် နှစ်စဉ် ဩဂုတ်လ ဒုတိယပတ်ကို ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ် လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကျောင်းကျန်းမာရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ငွေစံက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံး၊ ကာတွန်း၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တက်ရောက်လာသော ဧည့်သည်တော်များအား အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် "လက်ဆေးပါ"ဂီတသရုပ်ဖော်ကို လည်းကောင်း၊ ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် video clip ကိုလည်းကောင်း တင်ဆက်ပြသခဲ့ကြသည်။

ယင်းနောက် တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူများအား သန့်ချဆေး တိုက်ကျွေးနေမှုကို လည်းကောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းမှ သူငယ်တန်း(KG) ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးနေမှုကို လည်းကောင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ခင်းကျင်းပြသထားသည့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် ပြခန်းများကိုလည်းကောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၄

ပြည်ထဲရေး ဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိ မြို့နယ်ရှိ ကျောင်းစုကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သုန္ဒရာရာမပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ တိုက်ကျောင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနာ့ရောင်ခြည်ကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၄

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ ပါရမီဖြည့်ဘုန်းတော်ကြီးကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တိုက်ကြီးကျောင်းပရိယတ္တိစာသင်တိုက်၊ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မင်းကန်ကျေးရွာရှိ မင်းကန်ဘုန်းတော်ကြီးကျောင်းနှင့် ပွင့်ဖြူမြို့နယ် အရှေ့ပိုင်းရပ်ကွက်ရှိ သကျဓိတာ သီလရှင်ကျောင်းတို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျန်ရှိခဲ့သည့် အမှိုက်များနှင့် နုန်းများ ဖယ်ရှားရှင်းလင်း

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တို့၌ ဩဂုတ် ၁၂ ရက်မှ ၁၃ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် စာသင်ကျောင်းများ၌ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်ခဲ့သည့် နေရာများသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ယနေ့နံနက်ပိုင်း ရေပြန်လည်ကျချိန်၌ တင်ကျန်ခဲ့သော အမှိုက်များနှင့် နုန်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး သောက်သုံးရေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ရေဝင်ရောက်ခဲ့သည့် ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်

## မိတ်ဆွေများသို့ မေတ္တာပို့

(ရှစ်လုံးဘွဲ့)

❖ ကြံ့ရဆုံရ၊ ဘဝအထွေထွေ၊
လောကဓံလှိုင်း၊ မုန်တိုင်းထန်ပေ၊
လုံ့လတွဲဖက်၊ ဇွဲထက်သန်လေ၊
မိတ်ဆွေများ၊ ကျော်လွှား နိုင်ကြစေ။

❖ ကိုယ်စွမ်းဉာဏ်စွမ်း၊ ပြည့်လျှမ်းကာနေ၊
ကျော်နှံ့သတင်း၊ ပျံ့သင်းဖြာဝေ၊
ပညာသီလ၊ နှစ်ဝစုံပေ၊
မိတ်ဆွေများ၊ ထင်ရှား ပေါ်လွင်စေ။

❖ လိုအင်လောဘ၊ တောင့်တမပြေ၊
လောဘကြီးထွား၊ မှောက်မှားတတ်ပေ၊
ခြိုးခြံရောင့်ရဲ၊ သုံးစွဲပါလေ၊
မိတ်ဆွေများ၊ ကြီးပွား ချမ်းသာစေ။

❖ မကောင်းမှုများ၊ ရှောင်ရှားကာနေ၊
ကောင်းမှုဟူသမျှ၊ ဆောင်ကြပါလေ၊
စေတနာမိုး၊ သွန်းဖြိုးရွာစွေ၊
မိတ်ဆွေများ၊ စိတ်ထား ဖြူသန့်စေ။

❖ ကြင်နာသနား၊ ထောက်ထားညှာပေ၊
ကူညီရိုင်းပင်း၊ ကိုယ်ချင်းစာလေ၊
အများကောင်းကျိုး၊ သယ်ပိုးကာနေ၊
မိတ်ဆွေများ၊ တိုးပွား ဆောင်နိုင်စေ။

❖ တည်ကြည်ရိုးသား၊ နိုးကြားကာနေ၊
ကိုယ့်အင်ကိုယ့်အား၊ ကိုးစားပါလေ၊
လျှင်မြန်သွက်လက်၊ ထက်မြက်ပါပေ၊
မိတ်ဆွေများ၊ မြင့်မား ဂုဏ်တင့်စေ။

❖ အကောင်းအဆိုး၊ ကြောင်းကျိုးနှစ်ထွေ၊
ဆင်ခြင်မြော်တွေး၊ ရှေ့ရေးမြင်ပေ၊
အရေးကြုံက၊ ချိန်ဆပါလေ၊
မိတ်ဆွေများ၊ စဉ်းစားဉာဏ်မြင့်စေ။

❖ ငါမှငါပဲ၊ ငါစွဲကိုဖြေ၊
အတ္တကိုလျှော့၊ ဝန်ပေ့ါတယ်လေ၊
နှလုံးရွှင်လန်း၊ ပြုံးပန်းလှိုင်ဝေ၊
မိတ်ဆွေများ၊ တရား ရပါစေ။

❖ သစ္စာမယွင်း၊ ချစ်ခြင်းတည်လေ၊
မေတ္တာရေဖျန်း၊ အေးချမ်းပါပေ၊
ကြည်နူးပီတိ၊ မုဒိတာဝေ၊
မိတ်ဆွေများ၊ ဆင့်ပွား အောင်ကြစေ။ ။

ရေနံ့သာမောင်ကျော်ညွန့်

# မွန်ပြည်နယ်အတွင်း နေ့ချင်းပြန်ဆက်သွယ်သွားလာနိုင်သည်အထိ လမ်းကွန်ရက်လွှမ်းခြုံနိုင်ခဲ့ပြီ

**သဘာဝအလှအပများ၊ ဘုရားပုထိုးစေတီများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ဖော်ရွေပျူငှာမှုများနှင့် ပြည့်နှက်နေသည့် မွန်ပြည်နယ်သည် မြန်မာနိုင်ငံတောင်ပိုင်းတွင် တည်ရှိနေသည်။ ကျိုက်ထို၊ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ရေး၊ ပေါင်၊ ချောင်းဆုံ၊ သထုံ၊ ဘီးလင်း စသည့်မြို့ ၁၀ မြို့ဖြင့် ပြည်နယ်ကို ဖွဲ့စည်းထားသည်။**

မင်းမင်း

မွန်ပြည်နယ်သည် စိုက်ပျိုးရေးကိုအခြေခံသော ပြည်နယ်တစ်ခုဖြစ်သည့်အားလျော်စွာ ရော်ဘာ၊ ဆန်၊ ပဲ၊ ဥယျာဉ်ခြံထွက်သီးနှံ စသည်ဖြင့် အမည်စုံ စိုက်ပျိုးထွက်ရှိသည်။ ထို့အပြင် ပင်လယ်နှင့်နီးကပ်စွာတည်ရှိနေသည့်အတွက် ရေထွက်ကုန်များလည်း ထွက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ကာ ပြည်နယ်အတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်၊ ရေထွက်ကုန်များကို အလွယ်တကူ တင်ပို့ရောင်းချနိုင်ရန် လမ်း၊ တံတားကွန်ရက်များလည်း လွှမ်းခြုံထားနိုင်ပြီဖြစ်သည်။



သံဖြူဇရပ် (သင်္ကဲ့ော) – ဘုရားသုံးဆူလမ်း (သင်္ကဲ့ော–လွတ်ရှမ်းအပိုင်း)ကို တွေ့ရစဉ်။

**လမ်း/တံတားများ တိုးချဲ့တည်ဆောက်**

လမ်း၊ တံတားကွန်ရက်များသည် ပြည်နယ်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့်အတွက် ပြည်နယ်လမ်းဦးစီးဌာနသည် လမ်းကွန်ရက်များ ကောင်းမွန်ရေးကို စဉ်ဆက်မပြတ်ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရမည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရမည်ဆိုသည့် နိုင်ငံတော်က ချမှတ်ထားသည့် လမ်းစဉ်အတိုင်း လမ်း/တံတားများ တိုးချဲ့တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို လမ်းဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ဒေသက လမ်းအခြေအနေကတော့ လမ်းအသုံးပြုသူပြည်သူတွေ စိတ်ကျေနပ်မှုအပြည့်အဝပေးနိုင်တဲ့ အခြေအနေပါ။ လမ်းကောင်းတော့ မွန်ပြည်နယ်က မြို့နယ် ၁၀ မြို့နယ်ကို နေ့ချင်းပြန်သွားနိုင်နေပြီ။ ဒီလို ဒေသထွက်ကုန်တွေကိုလည်း အဆင်ပြေပြေတင်ပို့နိုင်နေပြီ။ လမ်းကောင်းတော့ ကျန်တဲ့ကဏ္ဍတွေဖွံ့ဖြိုးဖို့လည်း လွယ်ကူတာပေါ့" ဟု မော်လမြိုင်မြို့မှ ဦးသိန်းနိုင်က ပြောသည်။

ပြည်နယ်အတွင်း လမ်းကွန်ရက် တိုးတက်ကောင်းမွန်စေရန် ပြည်ထောင်စုအဆင့်မှ စီမံခန့်ခွဲသော လမ်းခုနစ်လမ်း၊ ပြည်နယ်အဆင့် စီမံခန့်ခွဲသော လမ်း ၃၇ လမ်း စုစုပေါင်း ၄၄ လမ်းကို ပြည်နယ် လမ်းဦးစီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

"လက်ရှိပြည်နယ်အတွင်းက လမ်းအခြေအနေမှာ ကတ္တရာကွန်ကရစ် (AC) လမ်း ၂၆၄ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း ၄၂၀ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်လမ်း ၅ မိုင် ၃ ဖာလုံနဲ့ မြေလမ်း ၄၀ မိုင် ၅ ဖာလုံ ဖြစ်ပါတယ်။ တံတားစင်းရေအနေနဲ့ ၂၅၇၇ စင်းရှိပြီးတော့ သံမဏိကြိုးဆိုင်းတံတား နှစ်စင်း၊ သံကူကွန်ကရစ်တံတား ၁၂၇၆ စင်း၊ ဘေလီတံတား တစ်စင်း၊ သစ်သားတံတား တစ်စင်း၊ သံကူကွန်ကရစ်ရေထွက်ပေါက် ၁၂၂၄ စင်း၊ ပိုက်ပြွန်တံတား ၇၃ စင်း တည်ဆောက်ထားပြီး ဖြစ်ပါတယ်။ မွန်ပြည်နယ်တစ်ခုလုံးရဲ့ Paved Ratio ကို ရာခိုင်နှုန်းအနေနဲ့ ပြောရရင် ၉၄ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါတယ်" ဟု ပြည်နယ်လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်နိုင်က ပြောသည်။

**နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး**

ဘုရားကြီး – မော်လမြိုင် – ထားဝယ် – မြိတ်–ဘုတ်ပြင်း–ကော့သောင်းလမ်း(စစ်တောင်း–သထုံ–မော်လမြိုင်– ရေး– မလွှဲတောင်အပိုင်း) သည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးကို ဆက်သွယ်ထားသော အဓိကလမ်းမကြီးဖြစ်သည်။ ယင်းလမ်းသည် နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးဖြစ်ပြီး ASIAN / ASEAN Highway (AH112) (NH1) လည်းဖြစ်ကာ ပြည်နယ်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းပိုင်းတစ်ခုဖြစ်သည်။

လမ်းမိုင်အရှည် ၂၂၀ မိုင် ၁ ဖာလုံ ရှည်လျားပြီး လမ်းနယ်နိမိတ်သတ်မှတ်ချက် ပေ ၂၃၀ ရှိသည့် ဘုရားကြီး – မော်လမြိုင် – ထားဝယ် – မြိတ်–ဘုတ်ပြင်း – ကော့သောင်းလမ်းကို ပြည်သူများ အချိန်တိုတိုနှင့် အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ခြင်းဖြင့် ယခင်ကတည်ရှိခဲ့သော ထားဝယ် – မြိတ်–ဘုတ်ပြင်း – ကော့သောင်းခရီးစဉ်ကို ရေလမ်းခရီးမှ ရုပ်ပြေးယာဉ်များကိုသာ အားထားအသုံးပြုရသည့် အခြေအနေကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်သည်။

ယင်းလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် မွန်ပြည်နယ် သထုံခရိုင်အပိုင်း ၁၀၁ မိုင် ၆ ဖာလုံကို

**"ဘုရားကြီး - မော်လမြိုင် - ထားဝယ် - မြိတ်- ဘုတ်ပြင်း- ကော့သောင်းလမ်း (စစ်တောင်း- သထုံ- မော်လမြိုင်- ရေး- မလွှဲတောင်အပိုင်း) သည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးကို ဆက်သွယ်ထားသော အဓိက လမ်းမကြီးဖြစ်သည်။ ယင်းလမ်းသည် နိုင်ငံတကာဆက်သွယ်ရေး လမ်းမကြီးဖြစ်ပြီး ပြည်သူများ အချိန်တိုတိုနှင့် အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ခြင်းဖြင့် ယခင်ကတည်ရှိခဲ့သော ထားဝယ် - မြိတ်- ဘုတ်ပြင်း - ကော့သောင်းခရီးစဉ်ကို ရေလမ်းခရီးမှ ရုပ်ပြေးယာဉ်များကိုသာ အားထား အသုံးပြုရသည့်အခြေအနေကို ကျော်လွှားနိုင်ခဲ့ပြီ"**

ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့်လည်းကောင်း၊ မော်လမြိုင်ခရိုင်အပိုင်း ၁၁၈ မိုင် ၃ ဖာလုံရှိသည့်အနက် ၃၇ မိုင်ကို အေးကိုမိသားစုဆောက်လုပ်ရေးကုမ္ပဏီက B.O.T စနစ်ဖြင့်လည်းကောင်း၊ ၈၁ မိုင် ၃ ဖာလုံကို လမ်းဦးစီးဌာနကလည်းကောင်းတာဝန်ယူဆောင်ရွက်လျက်ရှိသည်။

**ကတ္တရာကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်**

ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီက ဆောင်ရွက်သော စစ်တောင်းတံတား (မုပ္ပလင်)မှ သံလွင်တံတား (မော်လမြိုင်) ထိလမ်းပိုင်းတွင် တစ်ရက်ပျမ်းမျှယာဉ်စီးရေ AADT သည် ၃၀၀၀– ၅၀၀၀ ကျော်ခန့်ရှိသည့်အတွက် ၃၆ ပေအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

အေးကိုမိသားစုကုမ္ပဏီက ဆောင်ရွက်သော မော်လမြိုင်မှ သံဖြူဇရပ်မြို့အထိ ၃၇ မိုင်လမ်းပိုင်းတွင် ၄ မိုင် ၂ ဖာလုံအား ၃၆ ပေအကျယ်နှင့် ၃၂ မိုင် ၆ ဖာလုံမှာ ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ လမ်းဦးစီးဌာနအနေဖြင့် နှစ်စဉ်ခွင့်ပြုရန်ပုံငွေဖြင့် ၂၄ ပေအကျယ် ကတ္တရာလမ်းအား ကတ္တရာကွန်ကရစ်(AC) လမ်းအဖြစ်ဆောင်ရွက်ခဲ့ရာ ၂၀၂၂– ၂၀၂၃ ဘဏ္ဍာနှစ်ကုန်တွင် မိုင် ၇၀ ပြီးစီးခဲ့ကာ စုစုပေါင်း ၂၀၈ မိုင် ၆ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ၁၁ မိုင် ၃ ဖာလုံသာ ဆောင်ရွက်ရန်ကျန်ရှိတော့သည်။

**ထိုင်းနိုင်ငံသို့ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီး**

လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းပိုင်းတစ်ခုဖြစ်သည့် သံဖြူဇရပ် (သင်္ကဲ့ော)–ဘုရားသုံးဆူလမ်း (သင်္ကဲ့ော – လွတ်ရှမ်းအပိုင်း) လမ်းသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်သောလမ်းဖြစ်သည်။

ပြည်နယ်ချင်းဆက်လမ်း ဖြစ်သည့်အပြင် နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံသို့ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီး (NH4) လည်း ဖြစ်ကာ လမ်းနယ်နိမိတ်သတ်မှတ်ချက်အရ ပေ ၂၃၀ စုစုပေါင်းမိုင်အရှည် ၆၃ မိုင် ၂ ဖာလုံ ရှည်လျားသည်။

မွန်ပြည်နယ် မော်လမြိုင်ခရိုင် လမ်းဦးစီးဌာနအပိုင်းတွင် ၉ မိုင် ၅ ဖာလုံရှိသည်။ လမ်းအဆင့်မြှင့်တင်ခြင်း မဆောင်ရွက်မီက မြေသားအဆင့်လမ်းအဖြစ်သာ တည်ရှိခဲ့သည်။ မြေသားလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့် အဆင့်မြှင့်တင်ခြင်းဖြင့် ထိုင်းနိုင်ငံနှင့် ကုန်စည်ကူးသန်းရာတွင် ပိုမိုလွယ်ကူချောမွေ့စွာ ဆက်သွယ်နိုင်မည်ဖြစ်သည့်အတွက် လမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်ကုန်တွင် မွန်ပြည်နယ်အပိုင်း၌ ခုနစ်မီတာအကျယ် ကတ္တရာလမ်းအဖြစ် တိုးတက်အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် ဒေသအလိုက် အလားအလာရှိသော ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး မဟာဗျူဟာအပေါ် အခြေခံ၍ (NCDP/MSDP) တို့နှင့် ချိတ်ဆက်ရေးဆွဲထားသည့် ငါးနှစ်စီမံကိန်းအရ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်ကုန်တွင် ခုနစ်မီတာအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လျာထားသည့်အတွက် လမ်းနှင့်အတူ ဒေသစီးပွားရေးတိုးတက်မှုများစွာ ဖြစ်ပေါ်လာမည်ဖြစ်သည်။

စာမျက်နှာ ၁၁ သို့



ဘုရားကြီး–မော်လမြိုင်–ထားဝယ်–မြိတ်–ဘုတ်ပြင်း–ကော့သောင်းလမ်း (မော်လမြိုင်–ရေး–မလွှဲတောင်အပိုင်း)ပေါ်ရှိ သံလွင်တံတား(မော်လမြိုင်)ကို တွေ့ရစဉ်။

# သီပေါသီတဂူစက္ခုဒါန မျက်စိကုဆေးရုံမှ မျက်စိအခမဲ့ စမ်းသပ်ကုသပေးမည်



သီပေါ ဩဂုတ် ၁၄

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးပုရိဝုဏ်အတွင်း တည်ရှိသည့်သီပေါသီတဂူစက္ခုဒါနမျက်စိကုဆေးရုံ၌ (၄၉)ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ကုသပေးမှုအစီအစဉ်ကို စက်တင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ငါးရက်တိုင်တိုင် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ သီပေါသီတဂူစက္ခုဒါနဆေးရုံသို့ အနယ်နယ်အရပ်ရပ်မှ မျက်စိလူနာများ အလွန်များပြားစွာ လာရောက်ပြသခဲ့မှုရှိသဖြင့် လာရောက်မျက်စိစမ်းသပ်ပြသသူ ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် လူမျိုးဘာသာမရွေး သက်ကြီးရွယ်အိုများကို ဦးစားပေးလက်ခံစီစဉ်ပေးမည်ဖြစ်ပြီး ကျန်းမာရေးစည်းကမ်းနှင့်အညီ စနစ်တကျ လာရောက်ပြသရန် နာယကဆရာတော် ဘဒ္ဒန္တ ပညာသီရိက မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရသည်။ ၂၁၀

# ဘုတ်ပြင်းမြို့ အထက(တောင်ဒဂုံ)၌ အသိပညာပေး ဟောပြောပွဲပြုလုပ်




ဘုတ်ပြင်း ဩဂုတ် ၁၄

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့တွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီမှ ကလေးသူငယ်အခွင့်အရေးကို ကလေးများကိုယ်တိုင်နားလည်သိရှိပြီး ကျရောက်နိုင်သည့် အန္တရာယ်များကို မိမိကိုယ် မိမိကာကွယ်နိုင်ရန် အသိပညာပေး ဟောပြောပွဲကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ဘုတ်ပြင်းမြို့ ထောင်ခမက်ကျေးရွာအုပ်စု အထက(တောင်ဒဂုံ)၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဘုတ်ပြင်းမြို့နယ်ပညာရေးမှူး ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်များဖြစ်သည့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နေလင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းအရာများကို လည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမြဇော်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းအရာများကို လည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးမျိုးခန့်လွင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေများကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဇင်မင်းဦးက လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်သန်းဆင့်က ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအကြောင်းအရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူသိန်းက လူငယ်ရေးရာဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ကျန်းမာရေးမှူးအဆင့်(၃) ဦးအောင်သူရကျော်က ကျောင်းကျန်းမာရေးနှင့် ကူးစက်ရောဂါဆိုင်ရာများကို လည်းကောင်း ဟောပြောကြသည်။ ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် အားကစားပစ္စည်းများကို ပေးအပ်ရာ အထက(တောင်ဒဂုံ) ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကလေးငယ်အခွင့်အရေးများနှင့် ပတ်သက်သည့် အကြောင်းအရာများကို အသိပညာဗဟုသုတရရှိစေရန် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပဲခူးရိုးမတောထွက် ဝါးများ ဝယ်လိုအားနည်းပါး၍ ဈေးနှုန်းများ ကျဆင်း

ရေတာရှည် ဩဂုတ် ၁၄

ပဲခူးရိုးမတောကြီးအတွင်းမှ အဓိကထွက်ကုန် တစ်မျိုးဖြစ်သော ဝါးများ ယခုနှစ်တွင် ဝယ်လိုအားနည်းပါးလျက်ရှိပြီး ဈေးနှုန်းများပါ ကျဆင်းနေ၍ ဝါးကို အဓိကအားထားလုပ်ကိုင်နေကြသူများ အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း ဝါးလုပ်ငန်းလုပ်ကိုင်သူများနှင့်တွေ့ဆုံစဉ် သိရသည်။

“ဝါးက ရိုးမတောထဲမှာ အတော်ရှားသွားပြီ။ ကျွန်တော်တို့ ဝါးခုတ်တဲ့သူတွေဆိုရင် ဝါးအဝယ်ဒိုင်တွေဆီကနေ စရိတ်ကြိုယူရတယ်။တစ်ပတ် ၁၀ ရက်စာလောက် ငွေကြိုယူပြီးရင် မိသားစုစားဖို့ အချို့ပေးခဲ့ပြီး ကျန်တာက တောထဲမှာ ချက်ပြုတ်စားသောက်ဖို့ စားကုန်လေးတွေ ဝယ်သွားရတယ်။ တစ်ခါတလေ ဝါးမရသေးလို့ တောထဲမှာ ဆက်ပြီး ကြာသွားရင် ရိက္ခာပြတ်တာဖြစ်တယ်။ ထမ်းသယ်ရတယ်။ ကျွဲနဲ့ ချောင်းဘေးရောက်အောင် ဆွဲရတယ်။ ဖောင်ဖွဲ့မျှောရတာတွေရှိတော့ ပင်ပန်းသလောက် ရတာနဲ့ မကာမိပါဘူးဗျာ” ဟု ဝါးခုတ်လုပ်သားတစ်ဦးက ပြောသည်။



ရေတာရှည်မြို့နယ်တွင် ဝါးနှင့် ဝါးဆက်စပ်ပစ္စည်းများကို စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်ကြသည့် ဆွာမင်းလမ်း၊ ဆီဆုံကုန်း၊ မြောက်လွတ်ကုန်း၊ ရွှေသပြေကျေးရွာတို့တွင် ဝါးကပ်ရိုက်ခြင်းလုပ်ငန်းများသည် ဒေသခံများအတွက် နေ့စဉ် ပုံမှန်ရှာဖွေပေးနေသော ဝင်ငွေရလုပ်ငန်းဖြစ်သည်။ ဝါးကပ်တစ်ချပ်လျှင် ကျပ် ၂၀၀ ရရှိရာ တစ်နေ့အတွက် အလုပ်တွင်ကျယ်မှုအပေါ်မူတည်၍ ကျပ် ၅၀၀၀ ကျော် ရရှိနိုင်ပြီး မိသားစု စုပေါင်းလုပ်ကိုင်ကြခြင်းများလည်း ရှိသည်ကို တွေ့ရှိရသည်။ “ဒီဘက်ကထွက်တဲ့ ဝါးနဲ့ ဝါးကပ်တွေကို မန္တလေးဘက်ကို ပို့နေကျ။ အခုကျတော့ ပစ္စည်းအဝယ်က အတော်ကို အေးသွားတယ်။ ပစ္စည်းအရောင်းကျသွားတော့ လုပ်သားတွေလျှော့ရတယ်။ လက်ရှိ ဝါးကပ် တစ်ချပ်ကို ကျပ် ၁၀၀၀ မရတော့ဘူး။ စားကုန်တွေ ဈေးတက်နေပေမယ့် ဝါးကပ်ဈေးကျတော့ ဘယ်လိုမှတွက်ခြေမကိုက်တော့ဘူး။ ဒါတောင် မိုးရာသီဆိုတော့ ဝါးကိုဖောင်ဖွဲ့မျှောလို့ ကားနဲ့သယ်ယူရရင် အဆင်မပြေတော့ဘူး”ဟု ဝါးအရောင်းအဝယ်လုပ်သူတစ်ဦးက ပြောသည်။ ကိုလွင်(ဆွာ)

# ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကွင်း သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

ကန်ကြီးထောင့် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာ ကွင်းယားအရှေ့ကွင်း(သဘာဝရေပြင်)အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ ဒုတိယတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးမှူး ဦးမြသိန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၂) ခရိုင်ငါးမျိုးစိုက်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ ကန်ကြီးထောင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဝင်းဝင်းသန်း၊ ပုသိမ်စခန်းတာဝန်ခံ ဦးမျိုးနိုင်ဦးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ တက်ရောက်၍ သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ၃၀၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ၂၀၀၀၀၀ နှင့် ရွှေဝါ ငါးကြင်းကောင်ရေ ၅၀၀၀၀ စုစုပေါင်းငါးသားပေါက်ရေ ၅၅၀၀၀၀ အား ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❐ စာမျက်နှာ ၁၀ မှ

## ကျိုက်ထိုမြို့ရှောင်လမ်း

ဒေသတွင်းဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် ပြည်နယ်လမ်းဦးစီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ကျိုက်ထိုမြို့တွင်းအပိုင်းနှင့် ကျိုက်ထို-ကင်မွန်းစခန်းအပိုင်းသည် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်ကြီးများ၊ ကျိုက်ထီးရိုးဘုရားဖူးကာလများ၌ ဘုရားဖူးယာဉ်များ သွားလာမှုများပြားကာ ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပေါ်နေသည့်အတွက် ကျိုက်ထိုမြို့ရှောင်လမ်းကို ဖောက်လုပ်ခဲ့သည်။

“ကျိုက်ထိုမြို့နယ်အပိုင်းမှာ ပွင့်လင်းကာလ ဘုရားဖူးရာသီချိန်ဆို ယာဉ်အစီးရေ ၅၀၀၀ မှ ၁၀၀၀၀ ကျော်ခန့် ဖြတ်သန်းသွားလာမှုရှိတဲ့အတွက် ကျိုက်ထိုမြို့တွင်းအပိုင်းနဲ့ ကျိုက်ထို – ကင်မွန်းစခန်းလမ်းအပိုင်းမှာ ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပေါ်တယ်။ ဒါကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့ ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီလမ်းက ၃ မိုင်



ကျိုက်ထိုမြို့ရှောင်လမ်းကို တွေ့ရစဉ်။

၅ ဖာလုံ အရှည်ရှိပြီး လမ်းနယ်နိမိတ်သတ်မှတ်ချက်ပေ ၂၃၀ ဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်မှာ ၃ မိုင် ၅ ဖာလုံအရှည်ကို ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ် (AC) လမ်းအဖြစ် အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်” ဟု သထုံခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မင်းက ပြောသည်။

ထိုသို့ အဆင့်မြှင့်တင်နိုင်ခြင်းကြောင့် ယခင်က ဘုရားဖူးရာသီများတွင် ယာဉ်ကြောပိတ်ဆို့၍ ကျိုက်ထိုမြို့တွင်းဖြတ်သန်းရာတွင် အချိန် တစ်နာရီခန့်ကြာမြင့်ခဲ့သည့်အခြေအနေကို ကျော်လွှားသွားနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်၍ မွန်ပြည်နယ် လမ်းဦးစီးဌာနသည် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဖြစ်သည့် ကတ္တရာကွန်ကရစ် (AC) လမ်းခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခင်းခြင်း၊ ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းများနှင့် တံတားများကို အမြဲတမ်းသံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းတို့အပြင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါကလည်း လမ်းပြတ်တောက်မှုမရှိစေရန် အချိန်မီဆောင်ရွက်ပေးလျက်ရှိရာ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့လည်း အချိန်တိုအတွင်း နေ့ချင်းပြန်သွားလာနိုင်သဖြင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်လာပြီး သယ်ယူပို့ဆောင်စရိတ် လျှော့ချစေနိုင်ကာ လူမှုရေး၊ စီးပွားရေးကဏ္ဍများကို များစွာအထောက်အကူပြုလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## လာအိုနိုင်ငံ၌ ဇူလိုင်လအတွင်း ကုန်သွယ်ရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ ၁၁၄သန်းရှိ

ဗီယင်ကျန်း ဩဂုတ် ၁၄

လာအိုနိုင်ငံတွင် ဇူလိုင်လအတွင်း ကုန်သွယ်ရေးလိုငွေပြမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၁၄သန်းရှိခဲ့ကြောင်း လာအိုနိုင်ငံကုန်သွယ်ရေးဝက်ဘ်ဆိုက်က ပြောသည်။ ဇူလိုင်လအတွင်း ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၉၆၈သန်းအထိရှိခဲ့ရာ ယင်းတို့အနက် ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၂၇သန်းရှိပြီး သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၄၁သန်းရှိခဲ့ကြောင်း သိရသည်။ လာအိုနိုင်ငံ၏ ပို့ကုန်ပစ္စည်းများမှာရွှေနှင့် သစ်သားပျော့ဖတ်များဖြစ်ပြီး သွင်းကုန်ပစ္စည်းများမှာ ဒီဇယ်၊ စက်ပစ္စည်းများ၊ တိရစ္ဆာန်များ၊လျှပ်စစ်ဝိုင်ယာကြိုးများနှင့် ပလတ်စတစ်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လာအိုနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့နှင့်လည်း ကုန်သွယ်ခြင်းများရှိကြောင်း သိရသည်။ လာအိုနိုင်ငံမှ အဓိကပို့ကုန်တင်ပို့သည့်နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ ဗီယက်နမ်နှင့်ဂျပန်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





## ဂျပန်နိုင်ငံ၌ အပူပိုင်းမုန်တိုင်းမီရီကြောင့် မိုးသည်းထန်စွာရွာသွန်း

တိုကျို ဩဂုတ် ၁၄

အပူပိုင်းမုန်တိုင်းမီရီသည် ဂျပန်နိုင်ငံ ရှီဇူကာခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြေပြိုမှုများဖြစ်ပွားစေခဲ့ပြီးနောက် တိုဟူကူဒေသမှ ပစိဖိတ်သမုဒ္ဒရာအတွင်း အရှေ့မြောက်ဘက်သို့ ဦးတည်နေကြောင်း သိရသည်။ အဆိုပါမုန်တိုင်းကြောင့် ဂျပန်နိုင်ငံမြောက်ပိုင်းမှ အနောက်ပိုင်းအထိ လေဖိအားအခြေအနေများ ပြောင်းလဲသွားနိုင်ကြောင်း သိရသည်။

တိုကျိုတောင်ပိုင်း အိုင်ဇူကျွန်းများတွင် တစ်ရက်အတွင်းမိုးရေချိန်သည် မီလီမီတာ ၃၁၀ အထိရှိခဲ့ကြောင်း သိရပြီး ထိုမိုးရေချိန်ပမာဏသည် ဩဂုတ်လအတွင်း ပုံမှန်ရွာသွန်းမည့် မိုးရေချိန်ပမာထက် ၅၀ရာခိုင်နှုန်းပိုမိုများပြားကြောင်း သိရသည်။ နိုင်ငံအတွင်းရှိဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်းများကြောင့် မြေပြိုနိုင်သည့်အခြေအနေများပိုမိုများပြားကြောင်း သိရသည်။ အိုင်ဝါတီဒေသရှိမြစ်များအတွင်းတွင်လည်း မြစ်ရေများပြည့်နေပြီး ရေကြီးခြင်းများဖြစ်နိုင်ကြောင်းသိရသည်။

လာမည့်တစ်ရက်အတွင်း နီဂါတာခရိုင်နှင့် ဟိုကူရိကူခရိုင်တွင် မိုးရေချိန် ၁၀၀မီလီမီတာ၊ တိုဟူကူနှင့် ကန်ဖိုင်းဒေသများတွင် မိုးရေချိန် ၈၀မီလီမီတာနှင့် ဟော့ကိုင်းဒိုးဒေသတွင် မိုးရေချိန် ၇၀မီလီမီတာရွာသွန်းမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ နိုင်ငံ အတွင်း မြေပြိုခြင်းနှင့်ရေကြီးခြင်းများ ဖြစ်လာနိုင်သဖြင့် သတိပြုနေထိုင်ကြရန် တာဝန်ရှိသူများက ပြောသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

## ဘရာဇီးနိုင်ငံ ဖလိုရီယာနိုပိုလစ် ကမ်းခြေတစ်လျှောက်၌ ပင်ဂွင်းကောင်ရေ ၆၀၀ နီးပါး သေဆုံးလျက်တွေ့ရှိ

ဆော်ပေါ်လို ဩဂုတ် ၁၄

ဘရာဇီးနိုင်ငံ၌ အပူပိုင်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် နိုင်ငံတောင်ဘက်ပိုင်း ဆန်တာကာတာရီနာပြည်နယ်ရှိ ဖလိုရီယာနိုပိုလစ်ကမ်းခြေတစ်လျှောက်၌ ပင်ဂွင်းကောင်ရေ ၆၀၀ နီးပါးသေဆုံးလျက်ရှိကြောင်း ဘရာဇီးအာဏာပိုင်များက ယနေ့ပြောသည်။

ကမ်းခြေတစ်လျှောက်၌ အဆိုပါသေဆုံးလျက်တွေ့ရှိရသည့် ပင်ဂွင်းအကောင်ရေမှာ ၅၉၆ ကောင်ရှိကြောင်း ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်းနှင့် တောင်ဘက်ပိုင်းရှိ ကမ်းရိုးတန်းများ၌ ရေနေသတ္တဝါများကို စောင့်ကြည့်သည့်အဖွဲ့ဖြစ်သည့် ဆန်တို့စ်မြစ်ဝှမ်းဒေသကမ်းခြေစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

အဆိုပါအပူပိုင်းမုန်တိုင်းသည် ဘရာဇီးနိုင်ငံ၏ တောင်ဘက်ပိုင်းနှင့် အရှေ့တောင်ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်သွားခဲ့ရာ ပင်လယ်စင်ရော်များနှင့် လိပ်များအပါအဝင် ရေနေသတ္တဝါအများအပြားသေဆုံးပြီး ကမ်းခြေများပေါ်တွင် တင်ကျန်ရစ်နေကြောင်း ဆန်တို့စ်မြစ်ဝှမ်းဒေသကမ်းခြေစောင့်ကြည့်ရေးအဖွဲ့မှ ဇီဝဗေဒပညာရှင် ဘာရီတိုက ဆိုသည်။

မုန်တိုင်းတိုက်ခတ်ပြီးနောက် ရေနေတိရစ္ဆာန်အများစုမှာ အင်အားကုန်ခန်းသွားခဲ့သည်။ ယင်းတို့အနက် ပင်ဂွင်းများမှာ အင်အားအနည်းဆုံးဖြစ်ပြီး ၎င်းတို့သည် အခြားသော ငှက်များကဲ့သို့ ပျံသန်းနိုင်ခြင်းမရှိသည့်အတွက် ရေလှိုင်းကြီးများမှ လွတ်မြောက်ရန် လွန်စွာခက်ခဲလှကြောင်း ဘာရီတိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောသည်။

ဩဂုတ် ၁၀ ရက်မှ ၁၂ ရက်အတွင်း လေပြင်းတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ကျော်ရှိခဲ့ကြောင်း ဒေသဆိုင်ရာမိုးလေဝသဌာနမှ တာဝန်ရှိသူ အီပါဂါရီက ဆိုသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**



## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၃၄ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဩဂုတ် ၁၄

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၃၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၇၃၂၅၀၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါ ကူးစက်ခံရသူများအနက် ခြောက်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၄၃၂၈ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၀ ဦးထပ်မံသေဆုံးသည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၆၀၈၀ ရှိကြောင်း သိရသည်။

သို့သော် လူနာ ၅၀၈၂ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၆၅၁၈၀၅ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၄၄၆၁၇ ဦးရှိပြီး ယင်းတို့အနက် ၆၈ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရပြီး ၄၄ ဦး သည် အသက်ရှူအထောက်အကူပြု ကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၄ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၁ ဒသမ ၃ ရာခိုင်နှုန်းသည်ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၆ ဦး ထပ်မံသေဆုံး

မနီလာ ဩဂုတ် ၁၄

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၆ ဦးထပ်မံသေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၀၉၉၂ ဦးရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၆၇၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၃၈၂၇၇၅၈ ဦးရှိပြီဖြစ်သည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၄၀၃၂၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

နိုင်ငံအတွင်း နေ့စဉ်ကူးစက်မှု အများဆုံးအရေအတွက် ၃၉၀၀၄ ဦးကို ဇန်နဝါရီ ၁၅ ရက်တွင် တွေ့ရှိခဲ့သည်။

လက်ရှိတွင် ပြည်သူ သန်း ၁၁၀ ရှိသည့်အနက် ၇၁ ဒသမ ၅ သန်းအား ကာကွယ်ဆေးအကြိမ်ရေအပြည့်အဝ ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ ရှန်ဇီပြည်နယ်၌ အပြည်ပြည်ဆိုင်ရာပိုးလမ်းမကြီး ကုန်သွယ်ရေးပြပွဲ ကျင်းပ

**ဇီအန်း ဩဂုတ် ၁၄**

တရုတ်နိုင်ငံ ရှန်ဇီပြည်နယ်၌ ယနေ့ကျင်းပသည့် (၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပိုးလမ်းမကြီးကုန်သွယ်ရေးပြပွဲတွင် စီးပွားရေးစင်္ကြံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ခဲ့ကြောင်းသိရသည်။

နိုင်ငံပေါင်း ၇၀ မှ ဝင်ရောက်ပြသသည့် အဆိုပါပြပွဲတွင် ပါဝင်သည့်နိုင်ငံအားလုံး၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ အောင်မြင်မှုများရရှိမည့်အခြေအနေသို့ ဦးတည်နေကြောင်း သိရသည်။ ငါးရက်ကြာပြသမည့် အဆိုပါပြပွဲတွင် ဒေသအတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်ကို အားဖြည့်ပေးမည့် ဆွေးနွေးပွဲများနှင့် နိုင်ငံများအကြား ကုန်သွယ်ရေးမြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံက အဆိုပြုခဲ့သည့် စီးပွားရေးစင်္ကြံစီမံကိန်းသည် အာရှနှင့်ဥရောပဒေသအကြား ဆက်သွယ်မှုကိုဖြစ်စေကာ အကျိုးကျေးဇူးများရှိခဲ့ကြောင်း သိရသည်။

တရုတ်နှင့် စီးပွားရေးစင်္ကြံတွင်ပါဝင်သည့် နိုင်ငံများ၏ ၂၀၁၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၁ ထရီလီယံရှိခဲ့ကြောင်း တရုတ်ကုန်သွယ်ရေးလက်ထောက်ဝန်ကြီးလီဖန်က ပြောသည်။ ၂၀၂၁ ခုနှစ်အကုန်တွင် စီးပွားရေးစင်္ကြံဆိုင်ရာ နိုင်ငံများတွင် တရုတ်က စီးပွားရေးဇုန် ၇၉ ဇုန် တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၀၉၂ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဩဂုတ် ၁၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ် - ၁၉ ရောဂါကူးစက်ခံရသူ ၁၄၀၉၂ ဦး စစ်ဆေးတွေ့ရှိရသည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၄၂၅၃၄၆၄ ဦး ရှိပြီဖြစ်ကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါ အရေအတွက်သည် ဩဂုတ် ၁၃ ရက်တွင် တွေ့ရှိသည်ထက် ပိုမိုလျော့ကျလာကြောင်း သိရသည်။

ပိုးတွေ့ဆဲလူနာ အရေအတွက်သည် လွန်ခဲ့သောရက်သတ္တပတ်အနည်းငယ်အတွင်းက စပြီး မြင့်တက်လာခဲ့သည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၁၆၈၆၁ ဦး ရှိကြောင်း သိရသည်။



ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်မှုကြောင့် ၄၁ ဦး သေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၇၀၃၇ ဦးအထိ ရှိလာပြီဖြစ်သည်။

နေ့စဉ်ကူးစက်မှုနှုန်းသည် ၃ ဒသမ ၆၉ ရာခိုင်နှုန်းရှိပြီး ရက်သတ္တပတ်အတွင်း ကူးစက်မှုနှုန်းမှာ ၄ ဒသမ ၅၇ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

သို့သော် ရောဂါမှပြန်လည်သက်သာလာသူပေါင်း ၄၃၆၀၉၅၆၆ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ထိုးနှံပေးပြီးဖြစ်**

လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံကျော် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၏ အထည်အလိပ်လုပ်ငန်းမှ ဝင်ငွေရရှိမှု တိုးတက်လာ

**ပေကျင်း ဩဂုတ် ၁၄**

တရုတ်နိုင်ငံ၏ အထည်အလိပ်လုပ်ငန်းမှ ဝင်ငွေများသည် ယခုနှစ် နှစ်ဝက်အတွင်း တိုးတက်လာကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ အထည်အလိပ်ထုတ်လုပ်ရေးကုမ္ပဏီများသည် ယခုနှစ် ပထမခြောက်လအတွင်း ရရှိသည့်ဝင်ငွေသည် ယွမ်ငွေသန်း ၂၀ ရှိခဲ့ပြီး အခွန်အကောက်အဖြစ် ယွမ်ငွေ ၂ ဒသမ ၅၂ ထရီလီယံ ရရှိခဲ့ကြောင်း စက်မှုနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ပြောသည်။

နိုင်ငံအတွင်းရှိ အထည်အလိပ်လက်လီရောင်းချသည့် လုပ်ငန်းများသည် ဇန်နဝါရီလမှ ဇွန်လအတွင်း ဝင်ငွေ ၈ ဒသမ ၁၂ ထရီလီယံ ရရှိခဲ့ပြီး တရုတ်နိုင်ငံ၏ အထည်အလိပ်ထုတ်လုပ်ရေးလုပ်ငန်းများမှ ပြည်ပပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၆ ဒသမ ၅ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၂၉ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဩဂုတ် ၁၄**

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၄၂၉ ဦး ထပ်မံတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ပြန်လည်ကျန်းမာလာ**

ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ တွေ့ရှိရသောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၃၆၅၇၈၄ ဦး ရှိလာကြောင်း သိရပြီး ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံတောင်ပိုင်း တေနင်ပြည်နယ်တွင် တစ်ဦးထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း သေဆုံးသူ ၄၃၀၉၈ဦး ရှိလာသည်။ နိုင်ငံအတွင်း ၁၀၀၂၀၅၆၉ ဦးမှာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာကြောင်း သိရသည်။

**အရှိန်မြှင့်ဆောင်ရွက်**

နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ၂၅၁ ဒသမ ၉ သန်းကို ထိုးနှံပေးခဲ့ရာတွင် အသက် ၁၈ နှစ်နှင့်အထက်ရှိသူ ၂၁၆ ဒသမ ၃ သန်းထိုးနှံပြီးစီးကြောင်း သိရသည်။ နိုင်ငံအတွင်း BA.4, BA.5 နှင့် BA.2.12.1 အိုမီခရွန်ဗီဇပြောင်းမိုင်းရပ်စ် ကူးစက်မှုများတွေ့ရှိရသဖြင့် လေးကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို အရှိန်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အီဂျစ်နိုင်ငံရှိ ဘာသာရေးကျောင်း မီးလောင်မှုဖြစ်ပွား၊ ၄၁ ဦး အနည်းဆုံးသေဆုံး

**ကိုင်ရို ဩဂုတ် ၁၄**

အီဂျစ်နိုင်ငံ ဂီဇာခရိုင်ရှိ ခရစ်ယာန်ဘာသာရေးကျောင်းတစ်ကျောင်း၌ မီးလောင်မှုဖြစ်ပွားခဲ့ ရာ ၄၁ ဦး အနည်းဆုံးသေဆုံးပြီး ၁၂ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အခင်းဖြစ်ပွားရာသို့ကယ်ဆယ်ရေးသမားများနှင့် မီးသတ်သမားများ ရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ သေဆုံးသူများ၏ရုပ်အလောင်းများကို ဆေးရုံများသို့ပို့ဆောင်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံများသို့ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှု၏အကြောင်းရင်းခံမှာ အဆိုပါအဘူဆီဖင်ခရစ်ယာန်ဘာသာရေးကျောင်း၏ ဒုတိယအထပ်ရှိ လေအေးပေးစက်ဝိုင်ယာရှော့ဖြစ်ပွားရာမှ စတင်မီးလောင်ကျွမ်းခဲ့ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာနက ဆိုသည်။



မီးလောင်မှုဖြစ်ပွားစဉ် ဘာသာရေးကျောင်းအတွင်း၌ လူပေါင်း ၅၀၀၀ ခန့် ဝတ်ပြုလျက်ရှိသည်။ မီးလောင်မှုကြောင့် ဘာသာရေးကျောင်း၏ ဝင်ပေါက်များ၌ စုပြုံတိုးမှုများ ဖြစ်ပွားခဲ့ပြီး သေဆုံးသူများတွင် ကလေးငယ်အများစု ပါဝင်ကြောင်း သိရသည်။

ဒုတိယအထပ်၌ မီးခိုးငွေ့များလွင့်ပျံ့ထွက်လာကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ဆိုသည်။ တတိယအထပ်နှင့် စတုတ္ထအထပ်တွင် ရောက်ရှိနေသည့် ဝတ်ပြုသူများက လှေကားတစ်လျှောက် စုပြုံတိုးဝှေ့ဆင်းခဲ့ရာ အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ဆိုသည်။

အီဂျစ်သမ္မတ အယ်လ်စီစီက မီးလောင်မှုအတွင်း သေဆုံးသွားသူများ၏ မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ သည်ဂါးဒီးရမ်း**
**ဘာသာပြန်-အောင်ကျော်ကျော်**

✳ ကျောဖုံးမှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မီခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




## မြင်းမူမြို့နယ် ဂွေးပင်တောကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင် မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်၊ သံဃာတော်နှစ်ပါးနှင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ဂွေးပင်တောကျေးရွာအနီး မန္တလေး-မုံရွာ ကားလမ်းပေါ်၌ ဩဂုတ် ၁၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်တစ်စီးကို ဒေသန္တရလက်လုပ်မိုင်း နှစ်လုံးဖြင့် အကြောင်းမဲ့ ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့မှ မုံရွာမြို့သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက ဂွေးပင်တောကျေးရွာအနီး၌ ဒေသန္တရလက်လုပ်မိုင်း နှစ်လုံးဖြင့် အကြောင်းမဲ့ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ဖောက်ခွဲ တိုက်ခိုက်ခြင်းကြောင့် ယာဉ်၏ ဘေးဘယ်၊ ညာမှန်များ ကွဲကြေပျက်စီးခဲ့ပြီး ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် သံဃာတော် နှစ်ပါးနှင့် အမျိုးသား တစ်ဦးတို့ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် အဆိုပါနေရာသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ၁၀ ဦးခန့် ရောက်ရှိလာပြီး မိုင်းဖောက်ခွဲ တိုက်ခိုက်ခြင်းခံရသည့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်လိုင်း ဝန်ထမ်းလေးဦး၊ ခရီးသည် ၁၁ ဦးကို အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများ အမြန်ဆုံးပြန်လည်လွတ်မြောက်နိုင်ရေးနှင့် အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီး၍ ဥပဒေအရ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေ ပိတ်ဆို့စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ**




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဈေးကြိုရပ်ကွက်နေ ရဲနောင်ထွန်းသည် ၎င်းအသုံးပြုသည့် "Ye Thu Tun" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျွန်းသာယာရပ်ကွက်နေ ရန်နိုင်ဝင်း(ခ)ပိုးကောင်သည် ၎င်းအသုံးပြုသည့် "Yann Naing Win" Facebook အကောင့်၊ ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက်နေ စန်းစန်းအေးနှင့် မြင့်နိုင်တို့သည် ၎င်းတို့အသုံးပြုသည့် "San San Aye" Facebook အကောင့်၊ "Myint Naing" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် အနောက်ရပ်မြောက်ပိုင်းရပ်ကွက်နေ အောင်မြင့်မြတ်ဇင်(ခ)ဇင်မလောင်သည် ၎င်းအသုံးပြုသည့် "Aung Myint Myat Zin" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်နေ ဒိန်ခန့်ကျိန်(ခ)သန္တာမော်သည် ၎င်းအသုံးပြုသည့် "Maw Gyi" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၂၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၇၅ | ၂၃၅၀ | ၂၄၄၅ | ၂၄၆၀ | ၂၃၆၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၀၅ | ၂၄၀၅ | ၂၆၂၅ | ၂၈၅၅ |
| 95 Ron | ၂၃၉၀ | ၂၄၃၅ | ၂၄၃၅ | ၂၃၉၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၄၀ | ၂၄၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၆၉၀ | ၂၉၂၅ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၅ | ၂၈၀၀ | ၂၇၉၅ | ၂၆၉၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၄၀ | ၂၉၅၅ | ၃၂၂၅ |
| HSD (50 ppm) | ၂၇၃၀ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၅ | ၂၈၇၀ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၅ | ၃၀၃၀ | ၃၂၆၀ |
| HSD (10 ppm) | ၂၇၃၀ | ၂၇၇၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၇၆၀ | ၂၈၇၅ | ၂၈၇၀ | ၂၇၆၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၁၀ | ၂၈၁၅ | ၃၀၃၀ | ၃၂၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၁၃ | ၂၂၉၁ |
| 95 Ron | ၂၂၇၈ | ၂၃၅၇ |
| HSD (500 ppm) | ၂၅၃၇ | ၂၆၁၇ |
| HSD (50 ppm) | ၂၆၀၈ | ၂၆၉၀ |
| HSD (10 ppm) | ၂၆၀၈ | ၂၆၉၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

### အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

### လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်။

### အနီရောင်အဆင့်

အနီရောင်အဆင့်သည်ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်းမုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

### အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

### အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

## မင်းဘူး(စကု)မြို့နယ်၌ မိုးစပါး ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မင်းဘူး ဩဂုတ် ၁၄



မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ မိုးစပါးစိုက်ပျိုးရန် လျာထားချက်မှာ ၄၀၄၃၈ ဧကရှိရာ ၁၂၇၉၃ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ စိုက်ပျိုးရာတွင် အိုင်းမဆည်မှ ၁၀၈၃၇ ဧက၊ မဲဇလီဆည်မှ ၈၃၂ ဧကနှင့် လျှပ်စစ်မြစ်ရေတင် စိုက်ပျိုးခြင်းတွင် ကမ်းနီမြစ်ရေတင်စီမံကိန်းမှ ၁၈၆ ဧက၊ ကျောက်စံမြစ်ရေတင်စီမံကိန်းမှ ၃၅ ဧက၊ အောင်ပင်လယ် မြစ်ရေတင်စီမံကိန်းမှ ၁၃ ဧက၊ မြေအောက်ရေဖြင့် ၇၇၅ ဧက၊ မိုးကောင်းသောက် (မိုးရေ)ဖြင့် ၁၁၅ ဧကတို့ကို ရေပေးဝေလျက်ရှိပြီး စုစုပေါင်း ၁၂၇၉၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

မင်းဘူးမြို့နယ်၌ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် တစ်ဧက တင်း ၁၀၀ ထွက်ရှိရေးအတွက် စပါးစိုက်ပျိုးမှု နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ အစေ့ချစိုက်ပျိုးသော နည်း၊ ပျိုးထောင်စိုက်ပျိုးသော နည်းတို့အပြင် ဓာတ်မြေဩဇာ သုံးစွဲနည်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းစသည့် ပွဲပိုးမွှားများ၊ မြေဆီလွှာပြုပြင်မှု၊ စိုက်ပျိုးရေးသွင်းအားစု အသုံးပြုရေး နည်းပညာများ၊ စပါးပင် ဖျက်ပိုးနှိမ်နင်းရေး နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)

## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## မြောင်းမြမြို့၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများ စုပေါင်း၍ စာဖတ်ဝိုင်း ကျင်းပ

မြောင်းမြ ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြည်သူများ စာပေဖတ်ရှုလေ့လာပြီး အပြန်အလှန်ဆွေးနွေးခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ဗဟုသုတအတွေးအမြင်များ အပြန်အလှန်ရရှိစေရန်၊ စာပေချစ်မြတ်နိုးစိတ်နှင့် စာဖတ်ရှိန်မြင့်မားလာစေရန်တို့အတွက် စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ စာဖတ်ဝိုင်းတွင် စာရေးဆရာမင်းကျော် ရေးသားသည့် ကျွန်တော့်ဆရာများစာအုပ်ဖြင့် စာဖတ်ဝိုင်းပြုလုပ်ခဲ့ရာ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းနာယကဦးကျင်စိုး(မောင်လှိုင်းသစ်-ချစ်စရာမြေ)က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသည့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းအဖွဲ့ဥက္ကဋ္ဌ ဦးညီဌေး(နေခြည်မောင်-မြောင်းမြ)နှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင် စာပေချစ်သူများက စာအုပ်ပါအကြောင်းအရာများကို ဆွေးနွေးခဲ့သည်။ စာဖတ်ဝိုင်းကို စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များအပြင် စာပေစိတ်ဝင်စားသည့် လူငယ်များပါ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■



## မုဒုံမြို့၌ မုန်တိုင်းဘေးတုံ့ပြန်ရေးဆိုင်ရာနှင့် ပြည်သူလူထုပါဝင်သော ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

မုဒုံ ဩဂုတ် ၁၄

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာနှင့် ပြည်သူလူထုပါဝင်သော ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့က ပင်လယ်ဆိပ်ကမ်းနားရှိ ကတုံးပေါ်ကျေးရွာ၌ ကျင်းပခဲ့သည်။

မုဒုံမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဖုန်းမြင့်အေးက မုန်တိုင်းသတိပေးအရေးပေါ် ထုတ်ပြန်ချက် (အညိုရောင်အဆင့်) သတင်းကို ကျေးရွာနေပြည်သူလူထုများ သိရှိနိုင်ရန် အသံချဲ့စက်ဖြင့် ကြေညာပြီး ကြိုတင်ပြင်ဆင်သတ်မှတ်ထားသည့် ကုန်းမြင့်ပိုင်းဇရပ် (ဘေးလွတ်ရာနေရာ) သို့ ပြောင်းရွှေ့ကြရာ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ကျန်ရှိသူများကို ရှာဖွေကယ်ဆယ်ဆောင်ရွက်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ရှေးဦးသူနာပြုစုစောင့်ရှောက်ခြင်းနှင့် ဆေးရုံဆေးခန်းသို့ လူနာတင်ယာဉ်ဖြင့် ကူညီပို့ဆောင်ခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခြင်းကို မုဒုံမြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်၍ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူ စုစုပေါင်း ၁၄၀ ခန့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေး၊ မြေပြိုဘေး စသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများကို အသိပညာပေး ဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထား

ကျောက်ဆည် ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် သဘာဝဘေးများဖြစ်ပွားခဲ့ပါက ကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ခရိုင်မီးသတ်ဦးစီးဌာန၌ ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ အသင့်စုဖွဲ့ထားရှိသည်။

ထိုသို့ အသင့်စုဖွဲ့ထားရှိမှုကို ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလွင်အေး ဦးဆောင်ဆောင်၍ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ် မော်တော်ယာဉ်နှင့် အသက်ကယ်လှေများ၊ အသက်ကယ်အင်္ကျီများ၊ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများကို အသင့်စုဖွဲ့ထားရှိကာ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လားရှိုးမြို့၌ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပ

လားရှိုး ဩဂုတ် ၁၄

(၂၃) ကြိမ်မြောက် မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။

လားရှိုးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး လားရှိုးမြို့နယ်ပညာရေးမှူး ဒေါ်အုန်းဆန်းက အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

လားရှိုးမြို့နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ အဆိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၈ ဦး၊ အကပြိုင်ပွဲတွင် ၁၆ ဦး၊ အတီးပြိုင်ပွဲတွင် ခြောက်ဦး စုစုပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## မိုးညှင်းမြို့၌ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပ

မိုးညှင်း ဩဂုတ် ၁၄

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီမှစတင်၍ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးညီညီလွင်က ဘိုးဘွားများ အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်လာသည့် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်နှင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောသည်။




### ပါဝင်ယှဉ်ပြိုင်

ထို့နောက် စန္ဒရား၊ ဆိုင်း၊ စောင်း အတီးပြိုင်ပွဲများ၊ အမျိုးသား၊ အမျိုးသမီး အကနှင့် မဟာဂီတ၊ ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲများတွင် အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် ဝါသနာရှင်များက ပြိုင်ပွဲဝင်စုစုပေါင်း ၂၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## အင်းလေးဒေသနှင့် ရွာငံဒေသတို့မှထွက်ရှိသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်သွက်

မန္တလေး ဩဂုတ် ၁၄

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာ ကုန်စိမ်းလက်ကားဈေးသို့ ယခုရက်ပိုင်းအတွင်း အင်းလေးဒေသနှင့် ရွာငံဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်သွက်လက်ကောင်းမွန်လျက်ရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ ခရမ်းချဉ်သီးပွဲရုံများထံမှ သိရသည်။



အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်အတွင်းရှိ အင်းလေးဒေသနှင့် ရွာငံဒေသတို့မှ ထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား အစီးရေ ၁၄ စီးမှ ၁၅ စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုလက်ရှိအချိန်တွင် ဈေးနှုန်းများမှာလည်း အင်းသီး ၁၈ ပိဿာဝင်သေတ္တာတစ်လုံးလျှင် ငွေကျပ် ၁၄၀၀၀ မှ ၁၅၀၀၀ အထိနှင့် ရွာငံ ခရမ်းချဉ်သီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၁၂၀၀၀ မှ ၁၃၀၀၀ အထိ ဈေးရရှိနေကြောင်း မန္တလေးမြို့ရှိ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ အင်းသီးက အထားခံတော့ ဈေးကောင်းရရှိပါတယ်။ အဝင်နည်းပြီး ပစ္စည်းပြတ်လပ်နေတာကြောင့် ပြီးခဲ့တဲ့လနဲ့စာရင် ဈေးက တက်လာတယ်လို့ ပြောလို့ရပါတယ်။ တစ်နေ့ကို ကားက ရွာငံဒေသဘက်က ၁၀ စီးနဲ့ အင်းလေးဒေသဘက်က ကားအစီးရေ လေးစီးကနေ ငါးစီး ပုံမှန်ဝင်ရောက်နေပါတယ်။ တာနဲ့ပြောရမယ်ဆိုရင် အချိန် ၃၀၀၀၊ ၄၀၀၀ လောက်ဝင်ပါတယ်။ နယ်ဘက်ကထွက်တဲ့ ခရမ်းချဉ်သီး အစိမ်းဈေးကတော့ တစ်ပိဿာကို ငွေကျပ် ၆၀၀ နဲ့ ၇၀၀ အထိရှိပါတယ်။ ကျန်တဲ့ ကုန်စိမ်းသီးနှံတွေလည်း ပုံမှန်အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ၎င်းက ပြောဆိုသည်။

### ဈေးကောင်းများရရှိ

အဆိုပါ ခရမ်းချဉ်သီးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အရောင်းအဝယ်များကောင်းကာ ဈေးကောင်းများရရှိနေကြောင်း၊ ခရမ်းချဉ်သီးအပြင် ကျန်ရှိ သည့် ကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုံညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ ငရုတ်၊ ရွှေပဲသီး၊ အာလူးနှင့် ကြက်သွန်များလည်း ပုံမှန်အနေအထားဖြင့် အရောင်းအဝယ်များကောင်းနေကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



နေပြည်တော် ဩဂုတ် ၁၄

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်နှင့် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၈၁ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် သံတွဲမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၄၁၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဩဂုတ် ၁၃ ရက်နှင့် ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၃၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၁၂၁၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်း မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၀၇)

မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်းတွင် မောင်းနှင်ရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) အဆင်းနှင့် အတက်မော်တော်ယာဉ်များဆုံရာ၌ ရှောင်တိမ်းရန် အခက်အခဲရှိပါက အဆင်းမော်တော်ယာဉ်သည် လမ်း၏လက်ယာဘက်ဘေးသို့ တတ်နိုင်သမျှ ကပ်၍ ရပ်ပေးပြီး အတက်မော်တော်ယာဉ်ကို ဦးစားပေးရမည်။

(ခ) အကယ်၍ အဆင်းမော်တော်ယာဉ်နှင့် အတက် မော်တော်ယာဉ်များ ဆုံမည့်နေရာ မရောက်မီ အတက် မော်တော်ယာဉ်၏ လမ်းကြောင်း လက်ယာဘက်၌သာ ရှောင်တိမ်းပေးနိုင်သော နေရာလပ်ရှိပါက အတက် မော်တော်ယာဉ်မှ အဆင်းမော်တော်ယာဉ်ကို ရှောင်တိမ်းပေးရမည်။

(ဂ) အကယ်၍အဆင်းနှင့်အတက်မော်တော်ယာဉ်များဆုံသည့် နေရာ၌ ရှောင်တိမ်းရန် မလွယ်ကူခဲ့သော် နောက်ဆုတ်ပေးရန် အခက်အခဲမရှိသော မော်တော်ယာဉ်က နောက်ဆုတ်ပေးရမည်။

(ဃ) အကွေ့တိုင်းတွင် ဟွန်းတီးပြီး အမြန်နှုန်း လျှော့မောင်းရမည်။

(င) အဆင်းမော်တော်ယာဉ်သည် ဂီယာကို ကြားအနေထား၌သော်လည်းကောင်း၊ ကလပ်(ချ်)ကို နင်းထား၍သော်လည်းကောင်း မောင်းနှင်ခြင်းမပြုရ။

(စ) မော်တော်ယာဉ်သည် အတက်အဆင်း၌ စက်ရပ်သွားလျှင်သော်လည်းကောင်း၊ မော်တော်ယာဉ်ကို ရပ်ထားလျှင်သော်လည်းကောင်း လိမ့်ဆင်းမသွားစေရန် ဘရိတ်များကို အသုံးပြုရမည့်အပြင် လိုအပ်ပါက နောက်ဘီးများကိုပါ ကြမ်းတုံးများဖြင့် ခုထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၄။ ။နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ



# မိုင်းခုတ်မြို့၌ နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်

မိုင်းခုတ် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန် နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာကျောင်းများအပြင် ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့နံနက် ၉ နာရီက နောင်တုံကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းက ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန်၊ အတွေးအခေါ်ရင့်သန်လာစေရန်၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအကြောင်းအရာများနှင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေး အကြောင်းအရာများကို အကျယ်တဝင့် ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေး ရုပ်ပုံပြပုံပြင်၊ ကဗျာစာအုပ်များဖြင့် နယ်လှည့်စာကြည့်တိုက်အဖြစ် ဆောင်ရွက်ပေးခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များအား ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပင်လောင်းမြို့နယ်ရှိ ကျေးရွာ လေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှု စစ်ဆေး

ပင်လောင်း ဩဂုတ် ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများမှ အဆိုပါ ကျေးရွာများသို့ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဗောင်းပြုံးကျေးရွာ၊ ဗောင်းပြုံးကျေးရွာနှင့် လူဖဲခြမ်းကျေးရွာတို့တွင် အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း သုံးခု၊ ဗောင်းကျောင်းနားကျေးရွာတွင် အကျယ် လေးလက်မ၊ အနက် ပေ ၃၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာ လေးရွာတွင် ကွန်ကရစ် လမ်းခင်းခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၄၀၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၂၂ သိန်း၊ လူထုလုပ်အားများ၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းထံမှ သိရသည်။ ၂၂

# နောင်ချိုမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

နောင်ချို ဩဂုတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောခြင်း၊ အားကစားဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် အားကစားပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက မျက်ချင်းနှုမူလွန်ကျောင်း၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီက ကျောက်တောအလက၌လည်းကောင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းထွေးက "လူငယ်နှင့် စာပေ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းချစ်က "လူငယ်နှင့် အားကစား" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ပြီးနောက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ မျက်ချင်းနှုမူလွန်ကျောင်းမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၈၅ ဦး၊ ကျောက်တောအလကမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

နောင်ချို(ပြန်/ဆက်)

## တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်ပေါင်းစုံ(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

မန္တလေး ဩဂုတ် ၁၄

မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ် ပေါင်းစုံ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းက အောင်မြေသာစံ မြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်း၌ ကျင်းပရာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




### အနိုင်ရဗိုလ်စွဲ

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရတနာပုံတက္ကသိုလ်အသင်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ (မန္တလေး)အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ရတနာပုံတက္ကသိုလ်အသင်းက အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရ ရတနာပုံ တက္ကသိုလ်အသင်းအား ဆုတံဆိပ်များ၊ တံခွန်စိုက်ဆုဖလားနှင့် ငွေကျပ် ၁၅ သိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒုတိယဆုရ အစိုးရစက်မှုလက်မှု သိပ္ပံ(မန္တလေး) အသင်းအား ဆုတံဆိပ်များနှင့် ငွေကျပ် ၁၂၅၀၀၀၀၊ ပူးတွဲတတိယဆုရ မန္တလာတက္ကသိုလ်အသင်းနှင့် မန္တလေးပညာရေး ဒီဂရီကောလိပ်အသင်းတို့အား ဆုတံဆိပ်များနှင့် ငွေကျပ် ၁၀ သိန်းစီ၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဂိုးသမားဆု၊ နောက်တန်း အကောင်းဆုံးဆု၊ အလယ်တန်း အကောင်းဆုံးဆု၊ ရှေ့တန်း အကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေကျပ် တစ်သိန်းစီတို့ကိုချီးမြှင့်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အားကစားသမားများအား ရင်းနှီးစွာနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖျာပုံမြို့နယ် သမဝါယမအသင်းစု၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနား ကျင်းပ

ဖျာပုံ ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ ဘဏ္ဍာနှစ်အထိ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်အဖွဲ့နှင့် ဝန်ထမ်းများ၊ အသင်းဝင်အခြေခံ သမဝါယမအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### အတည်ပြုချက်ရယူ

အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမြင့်စိုးက အမှာစကားပြောကြားပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ ဘဏ္ဍာနှစ်အထိ ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်းက ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အမှုဆောင်သစ်များကို ဆန္ဒမဲပေးရွေးချယ်ကာ တာဝန်ခွဲဝေပေးအပ်ပြီး အမှုဆောင်သစ်များက ကတိသစ္စာခံယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ် လမုတန်းကြီးကျေးရွာ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

ထန်းတပင် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လမုတန်းကြီးကျေးရွာရှိ သဘာဝရေပြင်အတွင်းသို့ ယမန်နေ့နံနက်ပိုင်းက ငါးသားပေါက်ကောင်ရေ ၇၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

### ငါးမျိုးစိုက်ထည့်

ငါးမျိုးစိုက်ထည့်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်၊ မြောက်ပိုင်းခရိုင်ဦးစီးမှူး ဦးလေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဖြိုးဝေစိုး၊ အဖွဲ့ဝင်(၂) ဦးအေးဝင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းအောင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများက လမုတန်းကြီးကျေးရွာ သဘာဝရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၂၅၀၀၀၀ နှင့် ရွှေဝါငါးကြင်း ငါးသားပေါက် ကောင်ရေ ၅၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၇၅၀၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**




**ငါးရစ်ငါးတန် ဘောမဲ့ချန်**
**ပုံမှန်စားသုံး မျိုးမသုဉ်း**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
မြေငလျင်ဘေးအန္တရာယ်အသိပညာပေးပိုစတာ

ကြိုတင်ပြင်ဆင်ရန်

- ပြိုကျ၊ ပြုတ်ကျနိုင်သော ပစ္စည်းများကို မြဲမြံအောင် ပြုလုပ်ထားပါ။
- ငလျင်လှုပ်ချိန်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို လေ့လာလေ့ကျင့်ထားပါ။

ငလျင်လှုပ်စဉ် အဆောက်အအုံ အတွင်းရှိပါက

- (၅)စက္ကန့်အတွင်း အဆောက်အအုံ အပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။
- အထပ်မြင့်တိုက်များ၏ ပြတင်းပေါက်၊ ဝရံတာနားမနေပါနှင့်၊ ခုန်ချခြင်း မပြုပါနှင့်။

အချိန်မရွေးဖြစ်ပွားနိုင်ပါသည်။

တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနိုင်ပါသည်။

ကြိုတင်သတိပေးချက်ထုတ်ပြန်နိုင်ခြင်းမရှိသေးပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။
ကာ = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။
ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

ငလျင်လှုပ်စဉ် အဆောက်အအုံ အပြင်တွင်ရှိပါက

- အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။
- ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓါတ်တိုင်၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့်ဝေးရာတွင်နေပါ။
- ကမ်းခြေ (သို့) မြစ်ကမ်းစပ်တွင် ရောက်နေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

# ပုံပြင်

# သားလိမ္မာ

မင်းယုဝေ

(၈-၈-၂၀၂၂)ရက်နေ့မှအဆက်

လုလင်လည်း သစ်မြစ်များအကြား၌ ရှာဖွေသော် ဖန်ပုလင်းလေးတစ်လုံးကို တွေ့ရလေ၏။ သူသည် ပုလင်းလေးကိုယူကာ နေရောင်တွင် ထောင်၍ကြည့်ရာ ဖားကဲ့သို့သော ညိုမည်းမည်းပုံသဏ္ဌာန်တစ်ခုကို ပုလင်းထဲ၌တွေ့ရလေ၏။ ထိုသဏ္ဌာန်သည် ခုန်ဆွခုန်ဆွလှုပ်ကာ သူ့ကိုအပြင်သို့ထုတ်ပေးရန် အော်ဟစ်နေလေသည်။ လုလင်သည် ဘေးအန္တရာယ်တစ်စုံတစ်ရာဖြစ်မည်မဟုတ်ဟုယူဆကာ ပုလင်းဖုံးကို ဖွင့်လိုက်လေ၏။

ချက်ချင်းပင် ပုလင်းထဲရှိသဏ္ဌာန်သည် ခုန်ထွက်လာလေတော့၏။ အပြင်သို့ရောက်သည်နှင့်တစ်ပြိုင်နက် တဖြည်းဖြည်း ကြီးထွားလာရာ နောက်ဆုံးတွင် ဝက်သစ်ချပင်ကြီးတစ်ဝက်မျှ မြင့်မားသော ဘီလူးကြီးအဖြစ်သို့ ရောက်သွားလေ၏။ သူသည် မိုးချုန်းသံကဲ့သို့သောအသံကြီးဖြင့်“ ယခုကဲ့သို့ ကျွန်ုပ်အား လွတ်မြောက်ခွင့်ပေးသဖြင့် သင်မည်သို့ကြုံတွေ့ရမည်ကို သိပါသလော”ဟု မေးမြန်းလေသည်။

လုလင်ကလည်း… “အသို့လျှင် ကျွန်ုပ်သိနိုင်ပါအံ့နည်း”ဟု ဖြေကြားလေ၏။ ထိုအခါ ဘီလူးကြီးက…“သည်လိုဆိုလျှင် ကျွန်ုပ်ပြောပြမည်။ ကျွန်ုပ်သည် သင့်ကိုသတ်ရလိမ့်မည်”ဟု ဆိုလေ၏။ ထိုအခါ လုလင်က..

“အသင်ဘီလူး၊ ဤသို့ဆိုလျှင် မူလကပင် သည်အကြောင်းကို သင်ပြောပြသင့်သည်။ အကယ်၍သာ သည်အကြောင်းကို ကျွန်ုပ်သိရပါက သင့်ကို ပုလင်းထဲက မည်သည့်နည်းနှင့်မျှ ထုတ်ပေးမည်မဟုတ်ပါ။ ယခုလည်း သင်သတ်သည်ကို ကျွန်ုပ်ခံမည်မဟုတ်ပါ။ ကျွန်ုပ်အား သင်သတ်ထိုက်၊ မသတ်ထိုက် လူအများ၏ အဆုံးအဖြတ်ကို နာခံရဦးမည်”ဟု ပြန်ပြောင်းပြောလေ၏။

ဘီလူးကြီးကမူ လုလင်၏စကားကို လက်မခံပေ။ သူက ပုလင်းထဲ၌ ပိတ်လှောင်ထားခြင်းခံရသည်မှာ တစ်ပါးသူတို့က ညှဉ်းဆဲထားသောကြောင့်မဟုတ်၊ သူ၏အပြစ်များကြောင့် ဒဏ်ခတ်ခံရခြင်းမျှသာဖြစ်သည်။ သူ့အား ပုလင်းဖွင့်ပေး၍ လွတ်မြောက်စေသူမှန်လျှင် မည်သူ့ကိုမဆို သတ်ရလိမ့်မည်ဟုဆိုသည်။

ဤတွင် လုလင်က…

“ကောင်းပြီ၊ ဤသို့ဆိုလျှင် သင်ပြောသည့်အတိုင်း သင်သည် ပုလင်းတွင်းမှ သတ္တဝါငယ်အမှန်ဟုတ်၊ မဟုတ် သက်သေပြရမည်၊ အကယ်၍ သင်သည် ပုလင်းထဲမှ သတ္တဝါငယ် အစစ်အမှန်ဖြစ်ပါက ပုလင်းတွင်းသို့ မုချပြန်ဝင်နိုင်ရပေမည်။ ယခုသော် သင်သည် အဆများစွာ ကြီးမားနေသည်။ သင့်ကို ပုလင်းတွင်းမှ သတ္တဝါငယ်အဖြစ် ကျွန်ုပ်မယုံကြည်နိုင်ပါ။ ကျွန်ုပ်ယုံကြည်အောင် သက်သေပြပါ။ သက်သေပြနိုင်လျှင် သင်ပြုတိုင်း ကျွန်ုပ်ခံမည်”ဟု အေးဆေးစွာ ပြန်ပြော၏။ ထိုစကားကိုကြားလျှင် ဘီလူးကြီးက… “ကောင်းပြီ၊ ယခုပင်ပြပါအံ့၊ ကြည့်လေ့”ဟု ဆိုလေ၏။ ထို့နောက် သူသည် ကိုယ်ကို တဖြည်းဖြည်း ကျုံ့လိုက်ရာ နောက်ဆုံးတွင် ပုလင်းထဲသို့ ဝင်သွားနိုင်လောက်သည့် အရွယ်အထိ သေးသွားလေတော့၏။ ထိုအခါမှ သူသည် ပုလင်းထဲသို့ ဝင်သွားလေ၏။ ယင်းသို့ ဘီလူးကြီး ပုလင်းထဲသို့ရောက်သွားသည်နှင့် တစ်ပြိုင်နက် လုလင်သည် ပုလင်းကို လျင်မြန်စွာပိတ်လိုက်လေ၏။

ပြီးလျှင် ပုလင်းကို အမြစ်များကြားရှိ ယခင်နေရာဟောင်း၌ ပြန်ထားလိုက်လေ၏။ ထို့နောက် လုလင်သည် ထိုနေရာမှ ထွက်ခွာမည်ပြုလေ၏။ ဤတွင် ဘီလူးကြီးက သူ့အား ပုလင်းထဲမှလွှတ်ပေးရန် အော်ဟစ်တောင်းပန်လေသည်။ ထိုအခါ လုလင်က

“အို…ဘီလူးကြီး၊ သင့်အား ကယ်ဆယ်မိ၍ ကျွန်ုပ်အသက်သေရမည်ကဲ့သို့ဖြစ်ခဲ့ပြီ။ ယခုမှ သင့်ရန်မှလွတ်မြောက်တော့သည်။ သင့်ကို ကယ်တင်ခြင်းအားဖြင့် ထပ်မံ၍ ဘေးမရောက်လိုတော့ပါ။ သင့်အား မလွှတ်ဝံ့တော့ပါ။ သင့်ထိုက်နှင့် သင့်ကံပင်နေပါတော့”ဟု ပြောဆို၏။

ထိုအခါ ဘီလူးကြီးက သူ့အား လွတ်မြောက်ရန် ကူညီလျှင် များပြားလှစွာသော ဥစ္စာပစ္စည်းများရအောင် ပြုလုပ်ပေးပါမည်ဟု ဆိုပြန်၏။ သို့သော် လုလင်ကမူ…“မလွှတ်နိုင်” ဟုသာ ငြင်းဆိုသည်။

ဤတွင် ဘီလူးကြီးက လုလင်အား

“မည်သို့သော အနှောင့်အယှက်ကိုမျှမပေးပါ၊ ကျွန်ုပ်ကိုကယ်တင်မှုအတွက် ဆုအဖြစ် ဥစ္စာပစ္စည်းများကိုသာပေးပါမည်။ ကျွန်ုပ် ကတိပြုပါသည်”ဟု အထပ်ထပ် ပြောဆို၏။

နောက်ဆုံးတွင် လုလင်သည် ဘီလူးကြီးအမူအရာကိုကြည့်၍ ဟုတ်လိမ့်မည်ဟုယူဆကာ ပုလင်းဖုံးကို ဖွင့်ပေးလိုက်လေတော့၏။ ဘီလူးကြီးလည်း ပုလင်းထဲမှ ထွက်လာကာ တဖြည်းဖြည်း ကြီးထွားလာ၏။ ထို့နောက် သူက

“ကျွန်ုပ်၏ကတိအတိုင်း သင့်အား ကျေးဇူးဆပ်ပါမည်။ ကတိအတိုင်း ကျွန်ုပ်ဆောင်ရွက်ပါမည်။ လုလင် ဤအဝတ်စကို ကြည့်ပါ။ ဤအဝတ်စငယ် အစွန်းတစ်ဖက်ဖြင့် မည်သည့်အနာမျိုးကိုမဆို ကပ်လိုက်ပါ။ အနာအားလုံး ပကတိပျောက်ကင်းသွားလိမ့်မည်။ ထို့ပြင် အဝတ်စ၏ အခြားအစွန်းတစ်ဖက်ဖြင့်မူ သံကိုဖြစ်စေ၊ သတ္တုမျိုးဖြစ်စေ ထိလိုက်ပါ။ ထိုအခါ အထိခံရသော သံသတ္တုသည် ငွေစင်အဖြစ် ကူးပြောင်းသွားလိမ့်မည်။ ဤအဝတ်စငယ်ကို သင် ယူလေလော့”ဟု ပြောဆိုပေးအပ်၏။

လုလင်သည် ဘီလူးကြီး၏စကား မှန်၊ မမှန်ကို သိလိုသဖြင့် စမ်းသပ်ကြည့်လေသည်။ သူသည် ပုဆိန်ဖြင့် သစ်ပင်ကြီး၏ပင်စည်တစ်နေရာမှ အခေါက်ကို ခွာပစ်လိုက်၏။ ပြီးလျှင် ဘီလူးကြီးပေးသောအဝတ်ဖြင့် ကပ်လိုက်လေသည်။ ချက်ချင်းပင် သစ်ပင်မှ ပုဆိန်ရာသည် ပျောက်သွားကာ အကောင်းပကတိ ဖြစ်လေတော့၏။ လုလင်လည်း များစွာကျေနပ်သွားလေတော့သည်။

ဘီလူးကြီးက သူ့အားကယ်တင်သည့်အတွက်ကျေးဇူးတင်ကြောင်း ပြောလေသည်။ လုလင်ကလည်း ဘီလူးကြီးက ကျေးဇူးဆပ်သည့်အနေဖြင့် တန်ခိုးအာနိသင်ရှိသော အဝတ်စကိုပေးသည့်အတွက် ပြန်လည်၍ ကျေးဇူးတင်ကြောင်း ပြောပြသည်။ ထို့နောက် သူတို့နှစ်ဦးသည် နှုတ်ဆက်ကာ ခွဲခွာခဲ့ကြလေသည်။

ဖခင်ရှိရာသို့ ပြန်ရောက်လာသော် ဖခင်သည် သားအား စောင့်မျှော်လျက်ရှိသည်ကိုတွေ့ရလေ၏။ ဖခင်က လုလင် တောထဲသို့ လည်ပတ်သွားလာနေသဖြင့် အချည်းနှီးအချိန်ကုန်သွားကြောင်း၊ အလုပ်လုပ်ရန် အချိန်အနည်းငယ်သာ ကျန်တော့ကြောင်း ပြောလေသည်။

ထိုအခါ လုလင်က..“ဖခင်… မစိုးရိမ်လင့်၊ ကုန်သည့်အချိန်အတွက် အကျိုးရှိပါစေမည်”ဟု ဆိုလေသည်။ထို့နောက် သူသည် ပုဆိန်ကိုယူကာ အဝတ်စဖြင့် ပတ်ချည်လေသည်။ ပြီးလျှင် သစ်ပင်ကြီးတစ်ပင်ကို ပြင်းစွာခုတ်လိုက်သည်။ ထိုအခါ ပုဆိန်သည် ငွေစင်အဖြစ် ကူးပြောင်းသွားကာ ပုဆိန်၏ ငွေအသွားမှာ လိပ်တက်သွားလေ၏။ သူသည် ဖခင်အား ပုဆိန်ကိုပြ၏။ ဖခင်သည် ငွေစင်အဖြစ် ပုဆိန်ကူးပြောင်းသွားသည်ကို ဂရုမပြုမိဘဲ အသွားလိပ်တက်သွားသည်ကိုသာ မြင်သဖြင့်…

“ချစ်သား… သင် အသို့ပြုသနည်း။ ဤပုဆိန်သည် အိမ်နီးချင်းထံမှ ငှားယူလာခဲ့သော ပုဆိန်ဖြစ်သည်”ဟု စိုးရိမ်မှုဖြင့် ပြောဆိုလေသည်။ လုလင်ကလည်း“ဖခင်၊ မစိုးရိမ်ပါလင့်၊ အိမ်နီးချင်းအား ပုဆိန်တန်ဖိုးကို တွက်ချက်အလျော်ပေးလိုက်ပါမည်”ဟုဆို၏။ ထိုအခါ ဖခင်က သူ့တွင် အလျော်ပေးစရာတစ်ပြားတစ်ချပ်မှမရှိကြောင်း ဝမ်းနည်းစွာ ပြောဆိုလေသည်။

ခဏကြာလျှင် သားက ဖခင်အား အိမ်ပြန်လိုကြောင်း ပြော၏။ ဖခင်ကမူ “အိမ်နီးချင်း၏ ပုဆိန်ဖိုးအတွက် အလျော်ပေးနိုင်အောင် ဆက်လက်အလုပ်လုပ်ဦးမည်။ ချစ်သားပြန်နှင့်ပါ”ဟု ဆို၏။ ဤတွင် သားက အိမ်သို့ တစ်ဦးတည်းမပြန်တတ်ကြောင်းပြောလေရာ ဖခင်လည်း သားနှင့်အတူ အိမ်သို့ပြန်လာခဲ့၏။

အိမ်သို့ရောက်ကြသော် ဖခင်သည် သားအား အသွားမဲ့နေသော ပုဆိန်ကို ရသမျှဈေးဖြင့် သွားရောက်ရောင်းချရန် ပြောဆို၏။ ဖခင်၏ အကြံမှာ ပုဆိန်ရောင်းရသမျှ ငွေကလေးကို ကျစ်ကျစ်ပါအောင် သိမ်းထားမည်။ ထို့နောက် ပုဆိန်ဖိုး အလျော်ပေးနိုင်အောင် အလုပ်လုပ်၍ ထပ်မံငွေရှာမည်ဟူသောအကြံ ဖြစ်ပေသည်။


လုလင်သည် ဖခင်စေခိုင်းသည့်အတိုင်း ပုဆိန်ကိုယူလျက် ပန်းထိမ်တစ်ဦးထံ သွားရောက်ရောင်းချ၏။ ပန်းထိမ်လည်း ငွေပုဆိန်ဖြစ်သဖြင့် ငွေစစ်၊ မစစ် စစ်ဆေးကြည့်ရှု၏။ ထို့နောက် စစ်မှန်သဖြင့် ခြင်တွယ်ကာ လုလင်အား…

“အမောင်၊ ဤပုဆိန်သည် ငွေဒင်္ဂါး လေးရာတန်ပေသည်။ ကျွန်ုပ်ဝယ်ယူပါအံ့။ ယခုမူ ကျွန်ုပ်၌ ငွေမလွယ်သေးသဖြင့် သုံးရာကိုသာ ယူထားနှင့်ပါ။ ကျန်တစ်ရာကို မကြာမီပေးပါမည်”ဟု ဆိုလေသည်။

စာမျက်နှာ ၂၁ သို့ ☆

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)



ကဗျာ

## စေတနာရှင်

ခိုင်ပန်းစုံ မာလာဖြင့်ပြီးပါတဲ့
မြိုင်နန်းရဂုံ ဝနာခရီးမှာဖြင့်
ဗလာထီး ပျော်တဲ့စေတီအို။
တစ်ကိုယ်ချင်းပေမို့
အိုပျင်းဖွယ် ဝနာလမ်းမှာ
နွမ်းလျ မချို။
ရှေးယခင်
အရှင်လျှမ်းစဉ်က
ဆွေးမဝင် ဘဝင်ချမ်းတာမို့
ဆွမ်းတင်လို့ သပြေညို
ပန်းကိုဖြင့် နေ့တိုင်း။
တွေးလျက်သာပူ
ဆွေးခဲ့သူ စေတနာရှင်ရဲ့
သဒ္ဓါမဝင် မရှင်တဲ့နှလုံးရယ်ကြောင့်
မကြာမတင် ပြင်ပြင်မုန်းခဲ့ပေါ့
ဩော် မြတ်ဘုန်း စေတီမဟာဖြင့်
ဆွမ်းဗလာ ပန်းပါဝေးလို့ရယ်
ဆွေးရတတ်ဝိုင်း။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။


☆ စာမျက်နှာ ၂၀ မှ

လုလင်လည်း သဘောတူကာ ငွေသုံးရာကိုယူ၍ ပြန်လာခဲ့၏။ အိမ်သို့ရောက်သော် ဖခင်အား အိမ်နီးချင်း ထံသွား၍ ပုဆိန်အတွက် မည်မျှပေးရမည်ကို မေးမြန်းစေ၏။

ထိုအခါ ဖခင်က…“မေးမြန်းရန်မလိုပါ၊ ပုဆိန်တန်ဖိုးကို ဖခင်သိပါတယ်၊ ငွေဒင်္ဂါးတစ်ပြားခွဲ ပေးရပါသည်” ဟု ဆို၏။ ဤတွင် သားက…“ ဖခင်၊ ဤသို့ဆိုလျှင် အိမ်နီးချင်းအား ငွေဒင်္ဂါးသုံးပြားပေးပါ။ ပုဆိန်တန်ဖိုး၏ နှစ်ဆရသဖြင့် သူများစွာကျေနပ်ပါလိမ့်မယ်၊ သည်မှာကြည့်ပါ၊ သားမောင်တို့ ငွေအမြောက်အမြား ပိုင်ဆိုင်နေပါပြီ”ဟုဆိုကာ ငွေများကို ထုတ်ပြလေ၏။

ဖခင်လည်း အံ့အားသင့်ကာ… “ချစ်သား၊ သည်ငွေများကို သင်မည်သို့ရခဲ့ပါသနည်း”ဟု မေးမြန်း၏။ သားလည်း တောထဲတွင် ဘီလူးကြီးနှင့်တွေ့သည်မှစ၍ ပန်းထိမ်ထံ ငွေပုဆိန်ကို ရောင်းခဲ့သည်အထိ အဖြစ်အပျက်အလုံးစုံကို ပြောပြ၏။ ထို့နောက် ဖခင်အား ငွေတစ်ဝက်ပေးကာ ကျန်ငွေတစ်ဝက်ဖြင့် ပညာကို ဆက်လက်ဆည်းပူးလေသည်။ ပညာစုံသော် သူသည် ဘီလူးကြီးပေးသည့် အဝတ်စဖြင့် ဝေဒနာရှင်များ၏ အနာများကို ကုသပေး၏။ သူကုသသည့် ဝေဒနာရှင်တိုင်း ပျောက်ကင်းချမ်းသာရ၏။ သို့ဖြင့် အလွန်ထင်ရှားကျော်စောသော ဆေးဆရာကြီးဖြစ်လာကာ ဖခင်နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်လေသတည်း။ ။

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



လူမှု ဘဝ

# လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

လူမှုစီးပွားရေးနယ်ပယ်တွင် စီးပွားရေးလုပ်ငန်းကြီးများရှိသကဲ့သို့ အသေးစားစီးပွားရေးလုပ်ငန်းများလည်း ရှိသည်။ နိုင်ငံစုံကုမ္ပဏီကြီးများသည် စီးပွားရေးလုပ်ငန်းကြီးများကို ချဲ့ထွင်ရင်း ဂလိုဘယ်လိုက်ဇေးရှင်းကို အမှီပြုကာ ကမ္ဘာအနှံ့ ဖြန့်ကြက်နေကြသည်။ လူငယ်များသည် အသေးစားလုပ်ငန်းများ စတင်လုပ်ကိုင်ခြင်းဖြင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖြစ်လာကြသည်။

လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များကို လေ့လာကြည့်ရာတွင် စွန့်စားမှုများပြုလုပ်ရန် စိတ်ဝင်စားမှု၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ ရလဒ်ကောင်းများရရှိရန် စိတ်အားထက်သန်မှု၊ အမှီအခိုကင်းမှုစသည့် အရည်အချင်းကောင်းများရှိကြသည်။ ဤသည်မှာ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ထူးခြားသော ဝိသေသလက္ခဏာများပင်ဖြစ်သည်။ ဤသို့ဖြင့် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များသည် အသေးစားစီးပွားရေးလုပ်ငန်းများကို စတင်တည်ထောင်ပြီး စီမံခန့်ခွဲကာ အောင်မြင်မှုလမ်းကြောင်းပေါ်သို့ တက်လှမ်းလာကြသည်။ အဆိုပါလူငယ်များသည် အကန့်အသတ်မရှိသော အကျိုးအမြတ်များကို ရယူနိုင်စွမ်းရှိကြသည်။ တကယ်တော့ လူငယ်များ စွန့်စားလုပ်ကိုင်သော အသေးစားစီးပွားရေးလုပ်ငန်းများတွင် အခက်အခဲရှိနိုင်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုသည် အကျိုးအမြတ်ကေန်ရရှိမည် သို့မဟုတ် ဆက်လက်ရှင်သန်နိုင်မည်ကို မည်သူမျှအာမခံချက်မပေးနိုင်ချေ။ လူငယ်များအနေဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုကို စီမံခန့်ခွဲရန် အချိန်လိုအပ်သည်။ ယနေ့ခေတ် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် စီမံခန့်ခွဲမှုကောင်းသလို အကျိုးသက်ရောက်မှုကောင်းများကိုလည်း ရရှိနိုင်သည်။

သို့သော် လူငယ်များ သတိပြုသင့်သောအချက်မှာ အသေးစားလုပ်ငန်းများသည် အောင်မြင်မှုရှိနိုင်သလို ဆုံးရှုံးမှုလည်းရှိနိုင်ကြောင်းဖြစ်သည်။ အကျိုးအမြတ်သည်လည်း အတက်အကျ ရှိတတ်သည်။ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် အသေးစားလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြရသည်များလည်းရှိသည်။ ယင်းဆုံးရှုံးမှုနှင့် သက်ဆိုင်သော ယေဘုယျအချက်များမှာ စီးပွားရေးလုပ်ငန်းလည်ပတ်မှု၊ ငွေကြေးဖောင်းပွမှု၊ အတိုးနှုန်းများ၊ အရင်းအနှီးရရန် အခွင့်အလမ်းများနှင့် အစိုးရက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများဖြစ်ကြသည်။ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် စီမံခန့်ခွဲမှု၊ အရည်အချင်းမပြည့်မီမှုကိုလည်း ဂရုပြုရမည်ဖြစ်သလို အတွေ့အကြုံများစွာယူတတ်ရန်လည်း လိုသည်။ လူငယ်များ အသေးစားလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဆုံးရှုံးရသောအကြောင်းရင်းများမှာ အရင်းအနှီးကင်းမဲ့မှု၊ သင့်တော်မှုမရှိသော တည်နေရာ၊ စာရင်းအင်းထိန်းသိမ်းမှု စနစ်မကျခြင်း၊ ပုံသေပိုင်ဆိုင်ပစ္စည်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံမှု၊ ညံ့ဖျင်းသော မြီရှင်အလေ့အထများ၊ စီမံချက်မပါရှိသော လုပ်ငန်းတိုးချဲ့မှုများနှင့် မသင့်တော်သော စီမံခန့်ခွဲမှုဆိုင်ရာ သဘောထားများပါဝင်သည်။

> **လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို လေ့လာကြည့်ရာတွင် စွန့်စားမှုများပြုလုပ်ရန် စိတ်ဝင်စားမှု၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ရလဒ်ကောင်းများရရှိရန် စိတ်အားထက်သန်မှု၊ အမှီအခိုကင်းမှု စသည့် အရည်အချင်းကောင်းများရှိကြသည်။ ဤသည်မှာ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ၏ ထူးခြားသော ဝိသေသလက္ခဏာများပင်ဖြစ်**

စင်စစ် အသေးစားလုပ်ငန်းများတွင် မထင်မှတ်ဘဲ ကျရောက်နိုင်သော အန္တရာယ်များကို ရှောင်ရှားရန် အသုံးချနိုင်သော ယေဘုယျနည်းဗျူဟာ များစွာရှိသည်။ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းအကြောင်းကို နက်နက်ရှိုင်းရှိုင်း သိထားသင့်သည်။ ထင်မြင်ယူဆချက်များကို ရှောင်ရှားသင့်သည်။ ထို့ကြောင့် လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များသည် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခွင့်အလမ်းများရရှိရေးအတွက် အားနည်းချက်များကို သုံးသပ်ပြီး အခက်အခဲများကို သတိမူဆောင်ရွက်သင့်ပေသည်။

လူငယ်များ အသေးစားလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပထမဦးစွာ လုံလောက်ငွေကြေးရရှိအောင် အရင်းအနှီး ရှာဖွေရမည်ဖြစ်သည်။ အချို့အသေးစားလုပ်ငန်းများသည် လုပ်ငန်းရှင်အတွက် ဝင်ငွေလုံလောက်ရုံမျှသာရှိတတ်သည်ကို ကြိုတင်သိရှိထားသင့်သည်။ အစောပိုင်းကာလများတွင် ငွေကြေးဆိုင်ရာအခက်အခဲ အနည်းငယ်ကြုံရတတ်ကြောင်း သိရှိထားသင့်သည်။ လုပ်ငန်းရှင်သန်ရေးအတွက် ရုန်းကန်ကြိုးစားရာတွင် မမျှော်လင့်ဘဲ ဆုံးရှုံးမှုများနှင့်လည်း ကြုံရတတ်သည်။ မိမိတို့၏ ကိုယ်ပိုင်ငွေများ ဆုံးရှုံးသွားရတတ်သည်။ ထိုအခါ စိတ်ဓာတ်မကျဘဲ ကြုံတွေ့လာရသော အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် လိုအပ်သည်။ လုပ်ငန်းဆက်လက်ရှင်သန်ရန် အားမလျှော့သော စိတ်ဓာတ်၊ ဇွဲဝီရိယဖြင့် ဆက်လက်ကြိုးစား ဆောင်ရွက်ရမည်ဖြစ်သည်။ အတားအဆီး၊ အခက်အခဲများကို ကြံ့ကြံ့ခံဆောင်ရွက်ရင်း လုပ်ငန်းများ ပြန်လည်လုပ်ဆောင်ကြရာတွင် အောင်မြင်မှုများရရှိလာကြသည်။ ဆုံးရှုံးမှု၏ အကျိုးဆက်ကို စိတ်ဓာတ်ရေးရာအရ နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းနိုင်လာကြသည်။ ဤသို့ဖြင့် သူတို့သည် စွန့်စားမှုရလဒ်ကို အကောင်းဆုံးအခြေအနေသို့ရောက်အောင် အတိုးအလျှော့၊ အပေးအယူလုပ်ခြင်းကို တွက်ချက်စဉ်းစားတတ်လာကြသည်။ ဇွဲရှိခြင်းသည် သူတို့၏အောင်မြင်မှုအတွက် အထောက်အကူပြုသည်ကို သိလာကြသည်။ လူငယ်လုပ်ငန်းရှင်များကို လေ့လာရာတွင် လုပ်ငန်းစတင်သည့် ပထမနှစ်အနည်းငယ်တွင် တစ်နေ့လျှင် ၁၂ နာရီမှ ၁၆ နာရီအထိ အလုပ်လုပ်နိုင်ကြသည်။ အားလပ်ရက်များကို အနားမပေးဘဲ တစ်ပတ်လျှင် ခြောက်ရက်မှ ခုနစ်ရက်လုပ်ခြင်းသည် သူတို့အတွက် စံသတ်မှတ်ချက်ဖြစ်သည်။

လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းတွင် တာဝန်ယူမှုရှိရန်၊ အသိပညာဗဟုသုတမရှိသောကိစ္စရပ်များ ကြုံတွေ့လာလျှင် ဆုံးဖြတ်ချက်ချတတ်ရန်လည်း လိုအပ်သည်။ သို့ဖြစ်ရာ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များတွင် မှန်ကန်သော ဆုံးဖြတ်ချက်ချခြင်းဖြင့် အသေးစားလုပ်ငန်းများ၏ အောင်မြင်မှုပန်းတိုင်သို့ ရှေးရှုလုပ်ဆောင်ရန် လိုအပ်ပေသည်။

*Ref: What school can teach entrepreneurs by Kevin Farrell*

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၅၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၅၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၁၇,၈၀၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၃၈၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၀၉၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၅) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၃-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၂၇၁,၅၄၄) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၂၂၄,၃၁၇) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၁) ခု | (၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၀) ခု | (၆)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၀၀) ခု | (၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၆၈) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၇၉၂) ခု | (၄)ဦး |
| စုစုပေါင်း | (၄,၉၅၃) ခု | (၂၉)ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၃-၈-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၂၇၁,၅၄၄ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၂၂၄,၃၁၇ |

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၆၇၈၉၅၃ | ၈၉၇၉၉၁၅၆ | ၁၀၆၂၃၃၃ |
| ၂။ | အိန္ဒိယ | ၄၄၂၅၃၄၆၄ | ၄၃၆၀၉၅၆၆ | ၅၂၇၀၃၇ |
| ၃။ | ပြင်သစ် | ၃၄၂၁၃၀၉၄ | ၃၃၃၇၉၁၉၈ | ၁၅၃၀၆၄ |
| ၄။ | ဘရာဇီး | ၃၄၁၆၄၈၉၁ | ၃၂၉၄၅၉၅၃ | ၆၈၁၄၈၀ |
| ၅။ | ဂျာမနီ | ၃၁၅၃၅၃၄၃ | ၃၀၁၀၄၄၀၀ | ၁၄၅၆၉၈ |
| ၆။ | ဗြိတိန် | ၂၃၄၂၀၈၂၆ | ၂၃၀၀၅၀၇၆ | ၁၈၆၀၈၇ |
| ၇။ | အီတလီ | ၂၁၄၈၀၀၇၆ | ၂၀၄၁၇၉၇၂ | ၁၇၃၉၈၂ |
| ၈။ | တောင်ကိုရီးယား | ၂၁၃၅၅၉၅၈ | ၁၉၄၂၁၃၈၀ | ၂၅၆၂၃ |
| ၉။ | ရုရှား | ၁၈၈၈၁၉၅၈ | ၁၈၁၃၆၀၇၇ | ၃၈၃၁၂၅ |
| ၁၀။ | တူရကီယဲ | ၁၆၂၉၅၈၁၇ | ၁၅၈၇၅၁၂၁ | ၉၉၆၇၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၆၅၇၈၄ | ၁၀၀၂၀၅၆၉ | ၄၃၀၉၈ |
| ၂။ | အင်ဒိုနီးရှား | ၆၂၈၂၇၇၄ | ၆၀၇၂၄၂၁ | ၁၅၇၂၂၆ |
| ၃။ | မလေးရှား | ၄၇၃၂၅၀၂ | ၄၆၅၁၈၀၅ | ၃၆၀၈၀ |
| ၄။ | ထိုင်း | ၄၆၂၀၄၂၅ | ၄၅၆၇၆၃၉ | ၃၁၈၃၁ |
| ၅။ | ဖိလစ်ပိုင် | ၃၈၃၁၉၄၁ | ၃၇၃၀၈၈၉ | ၆၁၀၃၆ |
| ၆။ | စင်ကာပူ | ၁၇၉၁၀၄၆ | ၁၇၀၀၄၆၅ | ၁၅၅၆ |
| ၇။ | မြန်မာ | ၆၁၄၃၈၉ | ၅၉၃၀၉၃ | ၁၉၄၃၅ |
| ၈။ | ဘရူနိုင်း | ၂၁၅၂၈၃ | ၂၀၅၇၇၃ | ၂၂၅ |
| ၉။ | လာအို | ၂၁၂၃၅၆ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၂၃၆ | ၁၃၃၉၂၁ | ၃၀၅၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ဝယ်လိုအားကြောင့် နံနံစေ့ဈေးနှုန်းများ စံချိန်တင်မြင့်တက်

မန္တလေး ဩဂုတ် ၁၄

၂၀၂၂ ခုနှစ် သီးနှံထုတ်ကုန်ရာသီတွင် မန္တလေးဈေးကွက်အတွင်း၌ ဟင်းခတ်အမွှေးအကြိုင်သီးနှံအဖြစ် အသုံးပြုသည့် နံနံစေ့များ ယခုရက်ပိုင်းအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝယ်လိုအားကောင်းမွန်လာမှုကြောင့် ဈေးနှုန်းများ စံချိန်တင်မြင့်တက်လာကြောင်း သိရသည်။

အဆိုပါ နံနံစေ့ဈေးနှုန်းမှာ ပေါ်ဦးပေါ်ဖျား ဖေဖော်ဝါရီလက ရှစ်ပိသာဝင် တစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀ သာရှိခဲ့ရာမှ ဩဂုတ် ၁၁ ရက်က ရှစ်ပိသာတစ်တင်းလျှင် ငွေကျပ် ၃၃၀၀၀ နှုန်းအထိ မြင့်တက်ခဲ့သည့်အပြင် အရောင်းအဝယ်များမှာလည်း ဈေးကွက်အတွင်း၌ ဝယ်လိုအား များပြားလျက်ရှိနေကြောင်း မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံ ပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“ဒီနံနံစေ့သီးနှံကတော့ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံတွေက ဝယ်လိုအားကောင်းလာတာကြောင့် ဒီရက်ပိုင်းမှာ မကြုံစဖူး ဈေးတွေထိုးတက်လာတယ်။ ခုချိန်မှာနံနံစေ့က မန္တလေးဈေးကွက်ထဲမှာ တက်ဈေးတွေနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်” ဟု ၎င်းကပြောသည်။

ထိုနံနံစေ့သီးနံသည် လက်ရှိတွင် မန္တလေးဈေးကွက်သို့ စစ်ကိုင်း၊ ရွှေဘို၊ ဝက်လက်၊ မြင်းမူ၊ မြစ်သား၊ ကျောက်ဆည်၊ တောင်သာမြို့နယ်တို့မှ ဝင်ရောက်လျက်ရှိနေပြီး မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင် နံနံပင်ကို အစေ့ထွက်သည့်အချိန်အထိ မစောင့်ဆိုင်းဘဲ မုန့်ဟင်းခါးနှင့် အခြားဟင်းလျာများတွင် ထည့်သွင်းစားသုံးရန်အတွက် အပင်လိုက် ရောင်းချလေ့ရှိကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**

## တောင်တွင်းကြီးမြို့နယ်၌ ဆည်ရေသောက်စနစ်ဖြင့် မိုးစပါး ၇၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်

တောင်တွင်းကြီး ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ရန်ပယ်ဆည်၊ ကင်ပွန်းတောင်ဆည်၊ ငမင်ဆည်နှင့် ရတနာပွင့်လှကန်တော်ကြီးဆည် ရေတို့ဖြင့် မိုးသီးနှံလျာထားဧက ပြည့်မီစေရေးအတွက် ဇူလိုင်ပထမပတ်မှစတင်ကာ မိုးစပါးစိုက်ပျိုးခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူများ မိုးစပါးသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဇွန် ၁၅ ရက်မှစတင်၍ ဆည်အသီးသီးမှ ဆည်ရေများကို လက်ဝဲ၊ လက်ယာမြောင်းမကြီး၊ လက်တံမြောင်းအသီးသီးမှတစ်ဆင့် ဆည်ရေသောက်ဧရိယာအတွင်းရှိ လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျဖြန့်ဝေပေးထားကြောင်း သိရသည်။

တောင်တွင်းကြီးမြို့နယ်၌ ယခု ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ရန်ပယ်ဆည်ရေဖြင့် ၃၇၄၄ ဧက၊ ငမင်ဆည်ရေဖြင့် ၁၉၈၄ ဧက၊ ကင်ပွန်းတောင်ဆည်ရေဖြင့် ၃၇၀၅ ဧက၊ ဘန်းကုန်းဆည်ရေဖြင့် ၂၂၇၇ ဧက၊ ကန်တော်ကြီးဆည်ရေဖြင့် ၁၂၉၄ ဧက၊ ယင်းမလည်ဆည်ရေဖြင့် ၃၇၂ ဧက၊ ကျောက်မိချောင်းဆည်ရေဖြင့် ၁၀၈၄ ဧက၊ အစိုးရဆည်ငယ်၊ ကန်ငယ်၊ မိုးကောင်းသောက်စနစ်ဖြင့် ၈၃၃၃၂ ဧက စုစုပေါင်း မိုးစပါးသီးနှံ ၉၇၇၉၂ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကလိန်အောင်မြို့၌ ကွမ်းသီးအနုများ အဝယ်လိုက်ကာ ဈေးကောင်းရရှိ၍ ရောင်းချသူများလာ

ကလိန်အောင် ဩဂုတ် ၁၄

တနင်္သာရီ တိုင်းဒေသကြီး ကလိန်အောင်မြို့သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ နှစ်ရှည်ပင် သီးနှံဖြစ်သည့် ကွမ်းသီးပင်သည် မေလအတွင်း၌ စတင်အပွင့်ပွင့်ပြီး အသီးကင်းနုများ စတင်ထွက်လေ့ရှိကာ ပုံမှန်အားဖြင့် အသီးရင့်မှည့်ချိန်မှသာ ခူးယူခြင်းနှင့် ကြွေကျအသီးများကို လိုက်လံကောက်ယူပြီး ရောင်းဝယ်ခြင်းများ ရှိခဲ့သော်လည်း ယခုနှစ်တွင် ကွမ်းသီးအကင်းနုများ လိုက်လံဝယ်ယူမှုများရှိခဲ့ပြီး ဈေးကောင်းရရှိ၍ ကွမ်းသီးနု ရောင်းချသူများပြားလျက်ရှိကြောင်း သိရသည်။

ယခုလအတွင်း၌ ကလိန်အောင်မြို့တွင် ကွမ်းသီးအကင်းနုများကို ရောင်းဝယ်သူကုန်သည်များက လာရောက်ဝယ်ယူလျက်ရှိရာ နိုင်ငံအတွင်း ကုန်ကြမ်းအဖြစ် ထုတ်လုပ်ပြီး ကုန်ချောထုတ်လုပ်ရန်အတွက် ပြည်ပသို့တင်ပို့လျက်ရှိကြောင်း သိရသည်။

“ယခုပေါက်ဈေးက ကွမ်းသီးအကင်းနုတစ်လုံးကို ငွေကျပ် ၄၀ မှ ၄၅ ကျပ်အထိ ဈေးနှုန်းရရှိပါတယ်။ ကွမ်းသီးအရင့်မှည့် (အစို) တစ်လုံးကို ငွေကျပ် ၃၀ သာရရှိတဲ့အတွက် ဈေးပိုမိုရရှိတဲ့ ကွမ်းသီးအနုတွေ ပိုမိုခူးဆွတ်ရောင်းချသူများပြား လာကြပါတယ်။ ဒါကြောင့် ဈေးကောင်းရရှိပြီး ဝင်ငွေတွေရရှိကာ အဆင်ပြေလျက်ရှိပါတယ်” ဟု ကွမ်းခြံပိုင်ရှင် ဦးဇော်ဇော်က ပြောသည်။

ကလိန်အောင်မြို့၌ နှစ်ရှည်သီးနှံပင်ဖြစ်သည့် ကွမ်းသီးပင်သည် ရာသီဥတု သဘာဝတောတောင် ရေခံမြေခံအခြေအနေများအရ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး နှစ်စဉ် ကွမ်းသီးပင်စိုက်ပျိုးမှု တိုးပွားလာလျက်ရှိကာ ယခုလအတွင်း မြို့ပေါ်ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ကွမ်းသီးပင်စိုက်ပျိုးရာသီဖြစ်၍ ကွမ်းပင်စိုက်ပျိုးသူ ပေါများလျက်ရှိကြောင်း သိရသည်။

**ခင်ခင်လှဲ**



## ဟိုပုံးမြို့နယ်၌ ဆီနေကြာတိုးချဲ့စိုက်ပျိုးရန် လျာထား

ဟိုပုံး ဩဂုတ် ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံနေကြာကို၃၆၄ ဧကအထိ တိုးချဲ့စိုက်ပျိုးရန် လျာထားကြောင်းသိရသည်။

ဟိုပုံးမြို့နယ်တွင် နေကြာသီးနှံကို မြေပဲ၊ ပဲပုပ်သီးနှံတို့နှင့် သီးညှပ်အဖြစ် စိုက်ပျိုး၍ ယာစပါး၊ အစေ့ထုတ်ပြောင်းသီးနှံတို့တွင် သီးထပ်အဖြစ် စိုက်ပျိုးကြပြီး ဆီထွက်သီးနှံလျာထားဧက ၃၆၄ ဧကကို ဟိုပုံးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၂ အုပ်စုနှင့် မြို့ပေါ်ခြောက်ရပ်ကွက်၌ စိုက်ပျိုးရန်လျာထားကြောင်းနှင့် စိုက်ခင်းများ ပိုးမွှားကင်းစင်ပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေးအပါအဝင် စနစ်တကျစိုက်ပျိုးရေးနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအရောက်ကွင်းဆင်း၍ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟိုပုံးမြို့နယ်၌ လူဦးရေ တစ်သိန်းကျော်နေထိုင်ပြီး ၉၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြရာ အဓိကသီးနှံအနေဖြင့် စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ကြက်သွန်ဖြူ၊ ချင်း၊ နနွင်း၊ ထောပတ်၊ ကော်ဖီ၊ သနပ်ဖက်၊ သရက် စသည့်သီးနှံများကို စိုက်ပျိုးကြကြောင်း၊ ဆီထွက်သီးနှံအနေဖြင့် မြေပဲ၊ နေကြာ၊ ပန်းနှမ်းတို့ကိုစိုက်ပျိုး၍ မြို့နယ်၏ ဆီဖူလုံမှုရာခိုင်နှုန်း ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး ဆီထွက်သီးနှံနေကြာကို မိုးရာသီစိုက်ပျိုးဧက ၁၁၀ စိုက်ပျိုးကာ ဆောင်းနေကြာကို ဩဂုတ် ၂၀ ရက်နောက်ပိုင်းတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

## စုကလိမြို့၌ ရွက်သီးဝဥမျိုးများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိ

စုကလိ ဩဂုတ် ၁၄

ကရင်ပြည်နယ် စုကလိမြို့တွင် ဒေသတွင်းစီးပွားရေးတစ်ခုဖြစ်သည့် ဝဥစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကြရာတွင် ယနေ့ခေတ်နှင့်အညီ ရွက်သီးမျိုးများ စတင်စိုက်ပျိုးလာကြပြီးဖြစ်သည်။

စုကလိမြို့တွင် ဝဥစိုက်ပျိုးသူများအနေဖြင့် ရွက်သီးမျိုးများကို ယခုနှစ်မှစတင်၍ စိုက်ပျိုးလာကြရာ ဝဥပင်များ အောင်မြင်ဖြစ်ထွန်းလာပြီး ဈေးကွက်သို့ ရောင်းချနိုင်သည့်အရေအတွက်များရရှိနိုင်ရန် အလေးထားစိုက်ပျိုးလာကြသည်။ ဝဥသည် အစို၊ အခြောက်အမျိုးအစားနှစ်မျိုးစလုံးကို ရောင်းချနိုင်ပြီဖြစ်သည်။

ဝဥများစိုက်ပျိုးချိန်မှ ဈေးကွက်သို့ရောင်းချနိုင်သည်အထိ ကြာချိန်မှာ သုံးနှစ်ခန့်ကြာမြင့်ပြီး ရေခံမြေခံကောင်းသော စုကလိမြို့တွင် အစေ့ထုတ်ကော်ပြောင်းစိုက်ပျိုးခြင်းနှင့် ဝဥစိုက်ပျိုးခြင်းအား အဓိကထားစိုက်ပျိုးလာကြကြောင်းနှင့် လာမည့်နှစ် ဝဥတူးဖော်ရောင်းချနိုင်မည့်အချိန်တွင် ဈေးကောင်းရရှိစေရန်လည်း မျှော်လင့်လျက်ရှိကြောင်း ဝဥစိုက်တောင်သူတစ်ဦးထံမှ သိရပြီး လိုအပ်သည့်နည်းပညာများကိုလည်း စုကလိမြို့ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၂-၈-၂၀၂၂ ရက်နေ့မှအဆက်

မည်သို့ဆိုစေ မိမိကဲ့သို့ပင် အချစ်ကို တစ်ဦးတစ်ယောက်တည်းအပေါ်၌ ပုံအောထားခဲ့သောသူ တစ်ယောက်သည် ကမ္ဘာလောကမှာ ရှိနေပါသေးကလားဟူသောအသိကို ဒေါ်ရေနံ့သာခင်ခင်ကြီး သိလာရသည်။ ဗိုလ်မှူးညိုထွန်းသည် အံ့သြစရာကောင်းလောက်အောင် မိမိအပေါ်မှာ ထုထည်အင်အားကြီးမားစွာဖြင့် မျှော်လင့်စောင့်စားလျက် ရှိသည်ဆိုသည့်အဖြစ်ကို သိလာရသည်။ သူ့အတွက် ဝမ်းလည်းနည်းမိပါသည်။ ကရုဏာလည်း သက်မိပါသည်။ သူ့အဖို့ ကုန်လွန်ခဲ့ရသောအချိန်ဟူသည် တန်ဖိုးကြီးမားသည်နှင့်အမျှ နှမြောတသဖွယ်ကောင်းနေမည်မှာ သေချာသည်။

လသည် မြင့်တက်လာသည်။ ထနောင်းပင်တန်းကိုကျော်ကာ ထွန်းထွန်းပပ လင်းလာသည်။ လ၏ ဝန်းကျင်၌ ရွက်တိုက်လွင့်မျောနေသည်နှင့် သဏ္ဌာန်တူသော တိမ်ဖြူဖြူများရှိသည်။ ပြာလွင်သည့် ကောင်းကင်၌ ကြယ်တို့ ဟိုတစ်စုသည်တစ်စု ချိတ်တွဲနေသည်။ မိုးကောင်းကင်တစ်ပြင်လုံး ကျုံးရေ၌ အရိပ်ထင်လာသည်။ ကျုံးရေပြင်၌ လကိုလည်းကောင်း၊ တိမ်ဖြူဖြူကိုလည်းကောင်း၊ ကြယ်ပွင့်များကိုလည်းကောင်း မြင်တွေ့ရသည်။ ကျုံးရေပြင်၌ သီးခြားကောင်းကင်တစ်ခု ပေါ်ထွန်းနေသည့်နှယ် ရှိသည်။

ဗိုလ်မှူးညိုထွန်းသည် ပြောလိုရာကို ပြောလိုက်ရသည့်အတွက် ရင်ထဲမှာ ပေါ့ပါးသွားပုံရသည်။ ကျေနပ်သွားပုံပေါ်သည်။ အကယ်၍ သူသာ လူငယ်တစ်ယောက်ဆိုလျှင် သည်ထက် ပွင့်လင်းစွာ ပြောမည်မှာသေချာသည်။ သို့တိုင်အောင် အသက်အရွယ်အရ အရိပ်အမြွက်မျှ ပြောလိုက်ရသည်ကိုပင် သူ့စိတ်မှာ ကြည်နူးလျက်ရှိရချေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သူ၏စကားကို ဖြည့်စွက်ခြင်းမပြု၊ ဝေဖန်ခြင်းမပြု၊ တုံ့ပြန်ခြင်းမပြု။ ခပ်မဆိတ်ပင် နေလိုက်သည်။ ရံခါတွင်မူ လရောင်ဟပ်နေသည့်သူ့မျက်နှာကို မသိမသာ အကဲခတ်သလို ကြည့်မိသည်။ ရင်ထဲကမူ ပြောနေမိသည်။

နေပူထဲမှလူအတွက် အရိပ်ကိုကား ပေးလိုပါ၏။ သို့သော် အရိပ်ရှင်ကိုယ်၌က ခက်လက်ဝေဆာခြင်း မရှိဘဲ ရိုးတံကျဲကျဲသာ ရှိနေသည့်အဖြစ်ကို မသိလေသလားဟု ဆိုနေမိသည်။

"ပြန်ကြစို့လား အစ်ကိုထွန်း"

အတန်ကြာအောင် တိတ်ဆိတ်နေမိကြပြီးနောက် ဒေါ်ရေနံ့သာခင်ခင်ကြီးထံမှ အသံထွက်လာသည်။ ဗိုလ်မှူးညိုထွန်းက ခေါင်းညိတ်ပြသည်။ မင်္ဂလာတံတားအတိုင်း လျှောက်လာခဲ့ကြသည်။

"ဒီည လ သိပ်သာတာပဲနော်"

ဒေါ်ရေနံ့သာခင်ခင်ကြီးက လဝန်းကို မော့ကြည့်ရင်း ဆိုသည်။

"ဟုတ်တယ်၊ ဒီကနေ့ လပြည့်နေ့ညကိုး"

ဗိုလ်မှူးညိုထွန်းသည် အဖြေပေးလိုက်ရင်း မိမိနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ လသာညဝယ် အတူယှဉ်တွဲ လျှောက်လာရသည့်အဖြစ်ကို သတိရလာသည်။

အချိန်အခါနှင့် အခါအခွင့်ဟူသည် မိမိအတွက် သည်အနေအထားအထိတော့ ပေးစွမ်းပါသေးကလားဟု တွေးမိလာသည်။ မည်သို့ပင်ဖြစ်စေ သည်သို့သောအခွင့်အရေးမျိုး ရနိုင်သည်ကပင် စင်စစ် ကျေနပ်ဖွယ်ကောင်းနေပါသေးသည်။

ဗိုလ်မှူးညိုထွန်းတွင် ဘာတစ်ခုမျှမရှိ မဟုတ်။ တစ်စုံတစ်ခုတော့ ရှိပါသေးသည်။ အသေအချာရှိနေသည်ကို တွေ့ရသည်။ သိုးဆောင်းစကားပုံအရ "ဘာတစ်ခုမျှမရှိသည်နှင့်စာလျှင် တစ်စုံတစ်ခုရှိနေသည်က တော်ပါသေးသည်" ဆို မဟုတ်လား။

x x x x x

## အပိုင်း (၁၁)

[၁]

"ဇိဃစ္ဆာဒိသွာ ဒုခိတဥ္စဗျာဓိတံ၊
မတဥ္စဒိသွာ ဂတမာယုသင်္ခယံ။
တတော အဟံနိက္ခမိတူနပဗ္ဗဇိ၊
ဝကာယ ကာမာနိ မနောရမာနိ။"

(မာနဝတ္ထေရ ဝတ္ထု)

ကျောင်းအာရာမ်သည် အေးချမ်းလှပေသည်။ ငြိမ်သက်တိတ်ဆိတ်လှပေသည်။ ကျောင်းအာရာမ်အတွင်း ဝင်လိုက်မိပြီဆိုကတည်းက သာသာအေးအေး ဓမ္မတေးကို ကြားလိုက်ရပေသည်။

ကျောင်း၏ခြံစည်းရိုးတစ်လျှောက် ပေါက်ရောက်နေသော ဝါးပင်တို့မှာ လေအသိမ်းတွင် တယိမ်းနွဲ့နွဲ့ လှုပ်ရှားနေသည်။ ခုတ်ယူမည့်သူမရှိသဖြင့် သန်ချင်တိုင်းသန်ကာ ပွားချင်တိုင်းပွားနေသည်။ အရိပ်အာဝါသကောင်းကို ပေးစွမ်းနိုင်သည်။ ကျောင်းဝိုင်းအတွင်းရှိ သရက်၊ ပိန္နဲစသော သစ်ပင်တို့မှာလည်း လူတို့၏ ညှဉ်းပန်းခြင်းကင်းသဖြင့် အရွက်အသီး ဝေဝေဆာဆာရှိသည်။

အပြင်ဘက်၌ နေသည် ချစ်ချစ်တောက်တောက် ပူပြင်းနေသည်။ အပူရှိန်၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို မူးမော်မတတ် ခံစားရသည်။ အရေပြားမှာ လောင်ကျွမ်းခံရသည့်ပမာ ရှိသည်။ သွေးမှာ ဆူဝေရတော့မတတ် ဖြစ်ခဲ့သည်။

ကျောင်းပရိဝုဏ်သို့ ဝင်ရပြီဆိုသောအခါ၌မူ အလုံးစုံသော အပူရှိန်တို့သည် လျော့ပါးသွားသည်။ အေးမြခြင်းက ပျူပျူငှာငှာ ဆီးကြိုလိုက်သည်။ ဘဝင်ငြိမ့်မျှ သာယာအေးချမ်းသော ဓမ္မတေးကို ကြားလိုက်ရသည်။

ထို့ကြောင့်ပင် သူတော်စင်တို့သည် သည်သို့သော အရပ်ကို နှစ်ခြိုက်ခြင်းဖြစ်ပေလိမ့်မည်။ သူတော်စင်တို့ရှိနေသောကြောင့်လည်း သည်အရပ်မှာ အေးချမ်းငြိမ်းသက်မှုရှိနေခြင်း ဖြစ်ပေလိမ့်မည်။

ကျောင်းဝိုင်းအတွင်း၌ အုတ်ဖြင့် ဆောက်အပ်သော အဆောက်အဦတို့လည်း ရှိသည်။ အချို့သည် သစ်လွင်လျက် အချို့မှာ ပြိုပျက်နေသည်။ အင်္ဂတေများကွာကျကာ အုတ်သားများ ပေါ်နေသည်။ သစ်ဖြင့်ဆောက်အပ်သော ဓမ္မာရုံများရှိသည်။ ဘုံအဆင့်ဆင့်တို့ဖြင့် တင့်တယ်သည်လည်း ရှိသည်။ ကျိုးပျက်ယိုင်နဲ့ကာ အလှကင်းနေသည့် အဆောက်အဦတို့သည်လည်း ရှိသည်။ အနိစ္စလက္ခဏာကို သည်မှာပင် မြင်နိုင်သည်။

သီတင်းရက်မဟုတ်သဖြင့် လူသူကင်းရှင်းကာ ဆိတ်ငြိမ်ခြင်းကသာ လွှမ်းမိုးနေသည်။ တစ်ခါတစ်ရံတွင်သာ စာသင်သားတို့၏ စာကျက်သံကို ခပ်အုပ်အုပ် ခပ်မျှင်းမျှင်း ကြားရတတ်သည်။

သူသည် ပိန္နဲပင်တစ်ပင်၏ အရိပ်အောက်၌ စာကျက်နေဟန်ရှိသော ကိုရင်တစ်ပါးထံ ချဉ်းကပ်လာခဲ့သည်။ ကိုရင်သည် စာ၌ စိတ်ဝင်စားနေပုံရသည်။ သူချဉ်းကပ်လာသည်ကို အစ၌မသိ။ သူက ချောင်းဟန့်လိုက်လေမှ စာအုပ်ကို ကျော်ကာ မော့ကြည့်လာသည်။

"ဒေါ်ခေမာနေတဲ့ဇရပ် ဘယ်အနားဆီမှာတုံး ကိုရင်"

သူက မေးသည်။

ကိုရင်က ဇရပ်တစ်ဆောင်သို့ လက်ညှိုးညွှန်ပြသည်။

"အဲဒါ ဒေါ်ခေမာရဲ့ဇရပ်ပဲဗျ"

သူသည် ကိုရင့်အပါးမှ ထွက်ခွာခဲ့သည်။ ကိုရင်သည် စာအုပ်ကို ဆက်၍ကြည့်နေသည်။

ကိုရင်ညွှန်ပြသောဇရပ်မှာ ယိုင်နဲ့ဆွေးမြည့်လှပြီဖြစ်သော ဇရပ်တစ်ဆောင်ဖြစ်သည်။ ဇရပ်ခေါင်မိုးသွပ်ပြားများမှာ ပေါက်ပြဲနေသည်။ သံချေးတက်ကာ နီနေသည်။ ပန်းဆွဲများ၊ တကဲများသည် ကျိုးပဲ့ကာ အရွဲ့ရွဲ့အစောင်းစောင်း ဖြစ်နေသည်။ အစုံအလင်လည်းမရှိတော့။ ဇရပ်တိုင်များမှာ ခြစားခြင်းခံထားရသည်။ ဇရပ်အလယ်၌ကား ခြတောင်ပို့တစ်ခုသည် ကြီးမားသော အအုံအဖွဲ့အဖြစ် ကြမ်းပြင်ကိုပင် ကျော်လွန်ဖြစ်တည်နေသည်။

သူဇရပ်ဆီသို့အလာ၌ ထမင်းကျန် ဟင်းကျန်များကို စားသောက်နေသော ခွေးပိန်မတစ်ကောင်က ဆီး၍ဟောင်လိုက်သည်။

ဇရပ်ပေါ်မှာ လူသူအရိပ်အယောင် မမြင်ရ။ ထို့ကြောင့် သူက အသံပြုရသည်။

"ဒေါ်ခေမာ၊ ဗျို့ ဒေါ်ခေမာ"

ထိုအခါကျမှ မီးဖိုခန်းဆီမှ သီလရှင်တစ်ပါး ထွက်လာသည်။ သူ့ကို လှမ်းကြည့်ပြီးနောက် မှတ်မိသွားသလို သီလရှင်ထံမှ အသံထွက်လာသည်။

"ဩော် ကိုကျော့မောင်၊ လာ လာ"

သီလရှင်က နေရာထိုင်ဖျာ ခင်းပေးသည်။ ကိုကျော့မောင်သည် ဖျာပေါ်၌ ထိုင်လိုက်လေသည်။

စင်စစ် ကိုကျော့မောင် ရေနံချောင်းသို့ ပြန်ရောက်လာသည်မှာ မကြာတတ်သေးပေ။ သူသည် ရေနံချောင်းနှင့် ရန်ကုန်ကို သွားချည်လာလှည့် လုပ်နေသည်။ ယခု သူက ကုန်သည်။ အထက်နှင့်အောက် ကုန်ရောင်းကုန်သွယ်လုပ်နေသည်။ သူကူးသန်းနေသော ကုန်များကား မည်မည်ရရတော့ မဟုတ်လှ။ မန်ကျည်း၊ ပုန်းရည်ကြီးနှင့် ကျောက်ကာစသော ကုန်များဖြစ်သည်။ မန်ကျည်းနှင့် ဆီးကို အညာဘက်မှ သယ်ယူလာကာ ရန်ကုန်ရှိ သွားရေစာသည်များထံ သွင်းသည်။ မန်ကျည်းတော်ဖီ၊ ဆီးတော်ဖီ စသည်တို့လုပ်၍ ရောင်းကြသည်။ ပုန်းရည်ကြီးနှင့် ကျောက်ကာကုန်များကိုမူ ခရီးကြုံ၍ သယ်ဆောင်လာရခြင်းဖြစ်သည်။ သူ၏အဓိကလုပ်ငန်းမှာ မန်ကျည်းနှင့် ဆီးဖြစ်လေသည်။

ကိုကျော့မောင်သည် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်သောကိစ္စရပ်ပေါင်း မြောက်မြားစွာရှိသည်ဟု ထင်သည်။ ယင်းတို့အနက် သူငယ်ချင်းဖြစ်သူ ကိုမောင်မောင်ဦးနှင့်ပတ်သက်လာလျှင် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ဆုံးဖြစ်လေသည်။ သည်အကြောင်းကို စဉ်းစားလိုက်မိလေတိုင်း ဝမ်းနည်းကြေကွဲ၍မဆုံး၊ နောင်တရ၍မဆုံး ရှိနေရပေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး တရားရုံး၌ ရင်ဆိုင်နေရစဉ်က ကိုကျော့မောင်မှာ အထူးပင် တုန်လှုပ်ချောက်ချားနေမိခဲ့လေသည်။ မိမိ၏အစစ်ခံချက်များမှာ ဒေါ်ရေနံ့သာခင်ခင်ကြီး၏လည်ပင်းကို ကြိုးကွင်းစွပ်နိုင်မည့် အစစ်ခံချက်များဖြစ်နေကြောင်း တွေ့ရလျှင် သူသည် စိတ်မကောင်းနိုင်အောင် ရှိရသည်။

"သူ တစ်စုံတစ်ခုဖြစ်သွားရင်တော့ ငါ့ပယောဂပဲ" ဟု စိတ်မှာ တွေးနေမိသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးအား ဒုက္ခရောက်စေလိုသောဆန္ဒ သူ့တွင် မရှိခဲ့။ ကိုမောင်မောင်ဦးနှင့်ပတ်သက်၍ပင် စိတ်မှာ မကောင်းနိုင်အောင်ရှိပြီးဖြစ်၍ နောက်ထပ်ယင်းအဖြစ်မျိုး ပေါ်ပေါက်လာရမည်ကို စိုးရိမ်စိတ်ပူနေခဲ့မိသည်။

ကံအားလျော်စွာ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အမှုမှ ကွင်းလုံးကျွတ် လွတ်မြောက်သွားသည်ကို တွေ့ရသည်။ ထိုအတွက် နှစ်သက်ဝမ်းသာဖြစ်ကြရသူများအထဲတွင် ကိုကျော့မောင်တစ်ယောက်လည်း ပါဝင်ခဲ့သည်မှာ ယုံမှားဖွယ်မရှိတော့ချေ။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ဗိုလ်မှူးညိုထွန်းသည် ပြောလိုရာကို ပြောလိုက်ရသည့်အတွက် ရင်ထဲမှာ ပေါ့ပါးသွားပုံရသည်။ ကျေနပ်သွားပုံပေါ်သည်။ အကယ်၍ သူသာလူငယ်တစ်ယောက်ဆိုလျှင် သည်ထက်ပွင့်လင်းစွာ ပြောမည်မှာသေချာသည်။ သို့တိုင်အောင် အသက်အရွယ်အရ အရိပ်အမြွက်မျှ ပြောလိုက်ရသည်ကိုပင် သူ့စိတ်မှာ ကြည်နူးလျက်ရှိရချေသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သူ၏စကားကို ဖြည့်စွက်ခြင်းမပြု၊ ဝေဖန်ခြင်းမပြု၊ တုံ့ပြန်ခြင်းမပြု၊ ခပ်မဆိတ်ပင် နေလိုက်သည်။ ရံခါတွင်မူ လရောင်ဟပ်နေသည့်သူ့မျက်နှာကို မသိမသာ အကဲခတ်သလို ကြည့်မိသည်။ ရင်ထဲကမူ . . ."**




# Simone Asia Pacific Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အဖွဲ့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၄

ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ Pondok Indah Golf Course၌ Asia Pacific Golf Platform (APGP) က စီစဉ်ကျင်းပသော Simone Asia Pacific Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမြင့်အောင် (မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် မျိုးဆက်သစ်လူငယ် ဂေါက်သီးအားကစားသမားများ ဆပ်ကော်မတီဥက္ကဋ္ဌ)၊ အုပ်ချုပ်သူအဖြစ် ဒေါ်မြင့်မြင့်သန်း (မျိုးဆက်သစ် လူငယ်ဂေါက်သီးအားကစားသမားများ ဆပ်ကော်မတီ)၊ အားကစားသမားများအဖြစ် ခင်သူသူနှင့် ဖူးပွင့်ရတီခိုင်တို့ ပါဝင်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာ၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ အင်ဒိုနီးရှား၊ နယူးဇီလန်၊ ဩစတြေးလျ၊ ဗီယက်နမ်၊ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အမေရိကန်အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အားကစားသမား ၄၄ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MGF**



☆ **မြန်မာ့ရိုးရာလက်ဝှေ့မှ**

ချန်ပီယံ အလံရောနီ(အာဂျင်တီးနား)ငါးချီပြည့် ထိုးကြသော်လည်း ပူးတွဲသရေဖြင့်လည်းကောင်း၊ ၆၃ ဒသမ ၅ကီလိုတန်းတွင် စကိုင်းနက်ရွှေအောင်လံရှင် အဲမ့်ဗီ(မြန်မာ)၏ခြေကန်ချက်ကြောင့် ပထမအချီတွင်နယူးဇီလန်ကစ်ဘောက်ဆင် ချန်ပီယံ ဂျိတ်အော်လီဗာ(နယူးဇီလန်) အနားတောင်းပြီး အရှုံးပေးလိုက်ရသည်။ ထို့နောက် ၇၀ ကီလိုတန်းတွင် ပထမတန်းချန်ပီယံနှင့် ဒဂုံအောင်လံရှင် စိုးလင်းဦး(မြန်မာ)နှင့် မွေထိုင်းလက်ဝှေ့ချန်ပီယံဝီဂျစ်(ထိုင်း)တို့ ငါးချီပြည့် သူတင်ကိုယ်တင် ထိုးကြသော်လည်း ပူးတွဲသရေကျသွားသည်။

၈၀ ကီလိုတန်းတွင် မြန်မာလက်ဝှေ့အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်း(မြန်မာ)နှင့်မွေထိုင်းချန်ပီယံ ဟန်တိုလီမာနီ(အီရန်)တို့ ယှဉ်ပြိုင်ကြကာ ပထမအချီ၌ ထွန်းထွန်းမင်း၏ထောက်လက်သီးကြောင့် ဟန်တိုလီမာနီ အနားတောင်းခဲ့ရပြီး ဆက်လက်ယှဉ်ပြိုင်ခဲ့သော်လည်း ထွန်းထွန်းမင်း၏ ထောက်လက်သီးတွဲလုံးများကြောင့် အထိနာ အရှုံးပေးလိုက်ရသည်။ အမျိုးသမီး အထူးစိန်ခေါ်ပွဲအဖြစ် အဖွဲ့ချုပ်လက်ရွေးစင် မေသဇင်ထူးနှင့် သံသာငြိမ့်(AMT2)တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးကြသော်လည်း ပူးတွဲသရေဖြစ်ခဲ့သည်။

ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မင်္ဂလာမောင်း သုံးချက်တီးခတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရိုးရာလက်ဝှေ့ဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အားကစားသမားများအား ဆုတံဆိပ်များ ချီးမြှင့်ကြသည်။ **ဗလစိုး**

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

❖ **MNL မှ**

ရန်ကုန်အသင်းတွင် ပွဲပယ်ကစားသမားများရှိသော်လည်း အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ဟံသာဝတီအသင်းမှာလည်း လူစုံအသုံးပြုခဲ့သည်။ ပွဲအစ ၁၀ မိနစ်မှာပင် မျိုးဇော်ဦးက ဟံသာဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် ရန်ကုန်အသင်းက ချေပဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၃၂ မိနစ်တွင် ထက်ဖြိုးဝေက ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိသော်လည်း ရန်ကုန်အသင်းက ဂိုးသွင်းခွင့်များပိုရခဲ့ပြီး ၆၈ မိနစ်တွင် ဇော်ဝင်းသိန်းက အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ရှစ်ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ရမှတ် ၁၆ မှတ်၊ ဟံသာဝတီအသင်းက ရှစ်ပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံး ရမှတ် ၁၀ မှတ် ရရှိထားသည်။

ပွဲစဉ် (၈) တတိယနေ့အဖြစ် ဩဂုတ် ၁၅ ရက် (ယနေ့) ညနေ ၃ နာရီတွင် မဟာယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MNL**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဦးငွေကိုင်လမ်း၊ အိမ်အမှတ် (၈၃၃)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ်(၈၃၃)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ ဒေါ်ကြည်ကြည်ဝင်း အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဦးနေကြည်လင်း (၁၂/ဥကတ(နိုင်)၁၃၃၈၆၀)၊ ဒေါ်စိုးစံသူ(၁၂/ဥကတ(နိုင်)၁၃၃၃၈၄)၊ ဒေါ်အိမ္မာဖြိုး(၁၂/ဥကတ(နိုင်)၁၃၃၃၈၅) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ခိုင်ခိုင်စန်း (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၆၁)

ဒေါ်နှင်းနုလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၃၁၁၄)

တိုက်(၃)၊ အခန်း(၃၀၁)၊ မြေညီထပ်၊ မိုးကောင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၄၀၁၆၀၂၀၀၀၊ ၀၉-၈၈၁၃၀၂၀၀၉၆

## "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဒေါ်မေသူလတ် [၁၂/မဂတ(နိုင်)၀၉၅၄၈၂]ကိုင်ဆောင်သူနှင့် ဒေါ်ချောစုလတ် [၁၂/မဂတ(နိုင်)၀၈၉၈၁၆] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၉၂)ရှိ (၂)ခန်းတွဲ၊ (၈)ထပ်တိုက်အနက် ၃–လွှာ (တိုက်ကိုမျက်နှာမူလျှင်–ဘယ်)၊ အကျယ်အဝန်း (၂၅ပေx၄၀ပေ) အခန်းတစ်ခန်းနှင့် ငွေသား ၁၁၃,၁၉၀,၀၀၀/– တို့သည် ကျွန်ုပ်အမှုသည်တို့၏ ဖခင်ဖြစ်သူ ဦးခင်မောင်လှ [၁၂/မဂတ(နိုင်)၀၈၃၁၇၄](ကွယ်လွန်)မှ ပိုင်ဆိုင်ကျန်ရစ်ခဲ့သော ပစ္စည်းနှင့်ငွေသားများဖြစ်ပါသည်။

ဖခင် ဦးခင်မောင်လှ (ကွယ်လွန်သူ) ကျန်ရစ်ခဲ့သော ပစ္စည်းများကို ၎င်း၏ဇနီး ဒေါ်နုနုရီ [၁၂/မဂတ(နိုင်)၀၉၅၁၆၆]အပါအဝင် သားသမီးများဖြစ်ကြသော ဒေါ်မေသူလတ် [၁၂/မဂတ(နိုင်)၀၉၅၄၈၂]၊ ဒေါ်ချောစုလတ် [၁၂/မဂတ(နိုင်) ၀၈၉၈၁၆]၊ ဦးသီဟအောင် [၁၂/မဂတ(နိုင်)၁၀၂၇၅၄]တို့မှ အစ္စလာမ့်ဥပဒေနှင့်အညီ ပူးတွဲ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြပါသည်။

ဖခင် ဦးခင်မောင်လှ (ကွယ်လွန်) ကျန်ရစ်ခဲ့သည့် အဆိုပါ မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းအပြင် ငွေသားတို့ကို ကျွန်ုပ်အမှုသည်တို့၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ၊ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်း အစရှိသည်တို့ကို မပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မာမာသိန်း (LL.B)**
**(စဉ်–၈၇၉၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၅)၊ ပထမထပ်၊ ၁၃၄–လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–5088605, 09–5064959**

## ရေချွေတာရေးနည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာစီမံကိန်း၊ မြကန်သာ(၄)လမ်း၊ တိုက်အမှတ် ယခင် (R–15)၊ ယခု (၃၂)၊ အခန်းအမှတ် ယခင်(၄၀၃)၊ ယခု(၃၀၃)၊ တတိယထပ်(၄–လွှာ)တိုက်ခန်းသည် အိုလံပစ်ကုမ္ပဏီလီမိတက်တွင် ဦးမောင်နု [၁၁/စတန(နိုင်)၀၁၇၈၁၀]အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ ဦးမောင်နုထံမှ ဒေါ်အိသန္တာထွန်း [၁၂/ဥကမ(နိုင်)၂၂၅၄၃၃]က (၂၂–၆–၂၀၁၀)ရက်တွင် တရားဝင်ဝယ်ယူခဲ့၍ လက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ တိုက်ခန်းကို ဒေါ်အိသန္တာထွန်းထံမှ ဒေါ်မူမူဟန် [၁၂/ဥကတ(နိုင်)၀၄၇၈၇၁]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မူမူဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၂၀)**
**(KHIN MAR LAR LAW FIRM)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း–၀၉–၅၁၈၁၈၂၀**

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ရန်ပြေ)၊ မြေကွက်အမှတ်(၁၂၆၈)၊ အိမ်အမှတ်(၃၅)၊ ရန်ပြေလမ်း(၂၀) အရှေ့ဟုခေါ်တွင်သော ဒေါ်နန်းအေးအေးသန်းခင် အမည်ပေါက် အကျယ်အဝန်း(၄၀'x၆၀') အနက်မှ (ခြေရင်းခြမ်း) အကျယ်အဝန်း (၂၀'x၆၀') ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ရည်ညွှန်းလိပ်စာပါ အိမ်၊ မြေအား အမည်ပေါက်ထံမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဇင်မင်းနိုင် [၁၂/သကတ(နိုင်)၂၂၅၆၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းသန္တာအောင် [၁၂/ဒပန(နိုင်)၀၄၈၃၁၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နှင်းသန္တာအောင်**
**၀၉–၄၅၁၇၁၂၅၁၈**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းဝင်းခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၆၅၉၃၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ပိတောက်(၂)လမ်း၊ မြေကွက်အမှတ်(၂၀၆)၊ အကျယ်အဝန်း (၄၀×၆၀)ပေရှိ **ဦးသိုက်ထွေးမြ** အမည်ပေါက် မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအုံ့မင်းကို(၁၂/ဒဂမ(နိုင်)၀၂၁၉၆၃)မှ အဆင့်ဆင့် ဆက်စပ် စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိ စီမံခန့်ခွဲလျက် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများတကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သော်သော်စန္ဒီဦး (LL.B)**

**လွှဲအပ်ညွှန်ကြားချက်အရ** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၁၄)
09-43093746

ThamarDi Gone Real Estate Co.,Ltd
Ph : 09 - 408551155,09-408551166

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ဖြူညီးနီး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(ကျောင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (ကျောင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၁၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၁၈ ကျင်း |
| ၁၄။ | မုစလိန္ဒကိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ ကျောင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၁၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များတွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု သစ္စာစောင့်သိမှု ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခုပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မွန်မြတ်တဲ့စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မီခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၁၄

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳

## မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံခြောက်နိုင်ငံပြိုင်ပွဲ ကျင်းပ



စိုးလင်းဦး(မြန်မာ)နှင့် ဝီဂျစ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံ ခြောက်နိုင်ငံပြိုင်ပွဲကြီးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ ခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် ၆၀ ကီလိုတန်းတွင် စကိုင်းနက်ရွှေအောင်လံရှင် စောဘဟိန်း (မြန်မာ)နှင့် ခွန်ခမာချန်ပီယံသီရက် (ကမ္ဘောဒီးယား)တို့ပြိုင်ပွဲတွင် နှစ်ဦးစလုံး ငါးချီပြည့် ယှဉ်ပြိုင်ကြကာ ပူးတွဲသရေဖြင့်လည်းကောင်း၊ ၆၇ ကီလိုတန်းတွင် စကိုင်းနက်ရွှေအောင်လံရှင် မင်းထက်အောင် (မြန်မာ)နှင့် ကစ်ဘောက်ဆင်

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ☆



ရန်ကုန်နှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်နေစဉ်။

## MNL ပြိုင်ပွဲတွင် ရန်ကုန်အသင်း နိုင်ပွဲပြန်လည်ရရှိ

ရန်ကုန် ဩဂုတ် ၁၄

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) ဒုတိယနေ့ကို ဩဂုတ် ၁၄ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်အသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး အနိုင်သုံးမှတ်နှင့်အတူ ဩဂုတ် ၁၄ ရက်အပြီး အမှတ်ပေးဇယား ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ သို့သော် ဩဂုတ် ၁၇ ရက် ကစားမည့်ပွဲတွင် မြဝတီအသင်း သရေသို့မဟုတ် အနိုင်ရပါက တတိယနေရာတွင်သာ ရပ်တည်နိုင်မည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် ယခုပွဲအနိုင်ရပါက အမှတ်ပေးဇယား ထိပ်ဆုံးငါးသင်းစာရင်းဝင်မည်ဖြစ်သောကြောင့် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖

### ယနေ့ ဖတ်စရာ


အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ စာမျက်နှာ » ၁၅

ဘရာဇီးနိုင်ငံ ဖလိုရီယာနိုပိုလစ် ကမ်းခြေတစ်လျှောက်၌ ပင်ဂွင်းကောင်ရေ ၆၀၀ နီးပါး သေဆုံးလျက်တွေ့ရှိ စာမျက်နှာ » ၁၂

ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၅၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦး တွေ့ရှိ စာမျက်နှာ » ၂၂